ရက်စွဲ၊ – –

သို့

---------------------

---------------------

---------------------

# မေမွဒါနပြုအပ်ပါသည်။

မှ

---------------------

---------------------

---------------------

## သက္ကပဥှဝတ္ထုတွင် မြတ်စွာဘုရားက သိကြားမင်းအား ဟောကြားတော်မူခဲ့သည့် ဂါထာတော်

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**
**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**
**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**
**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏၊
တရားအရသာသည် အရသာအားလုံးကို အောင်နိုင်၏။
တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏၊
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံဆင်းရဲကို အောင်နိုင်၏။

**(ခုဒ္ဒကပါဠပါဠိတော်၊ နှာ-၆၄။ ခုဒ္ဒကပါဠပါဠိတော်မြန်မာပြန်၊ နှာ-၆၀)**

## အိန္ဒိယနိုင်ငံမှလာ၍ သီရိလင်္ကာနိုင်ငံတွင် အဋ္ဌကထာကျမ်းမြတ်ကြီး ကျမ်းပြုတော်မူသော အရှင်မဟာဗုဒ္ဓဃောသ၏ ဩဝါဒမြွက်ကြားချက်

“စကြဝဠာအပြည့် ထိုင်နေတော်မူသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား ပစ္စည်းလေးပါး ဒါယကာအဖြစ် ကပ်လှူပူဇော်ရခြင်းထက် ၄-ပါဒမျှရှိသော ဗုဒ္ဓ၏တရားတော်မြတ် တစ်ကြောင်း၊ တစ်ဂါထာ၊ တစ်ပိုဒ်ကို သင်အံ၊ လေ့ကျက်၊ ပို့ချ၊ ဆွေးနွေး၊ ဟောပြော၊ ဖြန့်ဝေခြင်းက ပို၍မြတ်၏”ဟု အရှင်မဟာဗုဒ္ဓဃောသသည် “သက္ကပဥှဝတ္ထု”တွင် ဖွင့်ဆိုမိန့်ကြားတော်မူခဲ့ပါသည်။

**(ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ-၃၅၂)**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

## ပကိဏ္ဏက နမက္ကာရ

# အစိန္တေယျ ဘုရားရှိခိုးကြီး


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ – ၂၅၆၇ ကောဇာ – ၁၃၈၅ ခရစ် –၂၀၂၄

စာအုပ်တန်ဖိုး – ၂၁၀၀ ကျပ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၌
ညွှန်ကြားရေးမှူး ဦးနိုင်အောင်မိုး
မှတ်ပုံတင်အမှတ် (၀၀၁၀၄/၀၀၂၃၀)က
ပုံနှိပ်ထုတ်ဝေသည်။

# အစိန္တေယျ ဘုရားရှိခိုး

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | [ ဂ ] |
| ၂။ | အစိန္တေယျ ဘုရားရှိခိုး | ၁ |
| ၃။ | အစိန္တေယျ ဘုရားရှိခိုး ခက်ဆစ်အဖြေ | ၁၃ |
| ၄။ | ထုတ်ဝေပြီးသောစာအုပ်များ | ၄၅ |
| ၅။ | ထုတ်ဝေပြီးသောစာအုပ်များ၏ အကြောင်းအရာအကျဉ်းချုပ် | ၄၇ |
| ၆။ | နှိုးဆော်ပန်ကြားလွှာ | ၅၈ |

# နိဒါန်း

ဘုရားရှိခိုးခြင်းသည် ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထားကာ နေ့စဉ်ဆောင်ရွက်ကြသော ကုသိုလ်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ထိုသို့ ရှိခိုးကြရာတွင်လည်း မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို ဖွဲ့ဆိုနိုင်သမျှ ဖွဲ့ဆိုထားသည့် ''ဘုရားရှိခိုး''များကို ရွတ်ဆိုပူဇော်ကာ ရှိခိုးလေ့ရှိကြပါသည်။

မြတ်စွာဘုရားကို ရှိခိုးရာ၌ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ထုတ်ဖော်ပြောကြားရွတ်ဆိုကာ ရှိခိုးခြင်းသည် မြတ်စွာဘုရားရှင်လက်ထက်တော်ကပင်စတင်ခဲ့ခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် မြတ်စွာဘုရားကို ရှိခိုးကြရာတွင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို ထုတ်ဖော်လျှောက်ထားကာ ရှိခိုးလေ့ရှိကြပါသည်။ ထိုမှစ၍ ရဟန်းတော်များအဆက်ဆက်၊ ဗုဒ္ဓဘာသာဝင်များအဆက်ဆက်သည် မြတ်စွာဘုရားကို ရှိခိုးပူဇော်ကြရာတွင် ဂုဏ်တော်များဖြင့် ဖွဲ့သီထားသော ''ဘုရားရှိခိုး''အမျိုးမျိုးဖြင့် ရွတ်ဆိုပူဇော်ရှိခိုးကြပါသည်။

မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များဖြင့် ဖွဲ့သီပူဇော်ထားသော ဘုရားရှိခိုးများအနက် ဂါထာပေါင်း (၃၃)ဂါထာတို့ဖြင့် ဖွဲ့သီထားသော အဋ္ဌကထာကျမ်းပြုအရှင်မဟာဗုဒ္ဓဃောသ၏ ''နမက္ကာရ''ဘုရားရှိခိုးသည် အလွန်ထင်ရှားကျော်ကြားသကဲ့သို့ ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ရေးဖွဲ့ပူဇော်သော ''ပကိဏ္ဏက နမက္ကာရ''ဘုရားရှိခိုးသည်လည်း အလွန်ထင်ရှားကျော်ကြားပါသည်။ ထိုပကိဏ္ဏက နမက္ကာရဘုရားရှိခိုးကို အချို့ကလည်း ''အစိန္တေယျကြီး''ဟု ခေါ်ဝေါ်ကြပါသည်။

''ပကိဏ္ဏက နမက္ကာရ''ဘုရားရှိခိုးသည် သာမန်ဘုရားရှိခိုးများကဲ့သို့မဟုတ်ဘဲ ''ပကိဏ္ဏက''ဟူသော ဝိသေသနပုဒ်နှင့် လျော်ညီစွာပင် ပိဋကတ်တော်လာမြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကို စုံနိုင်သမျှ စုံအောင် အနှစ်ချုပ်ကာ ရေးဖွဲ့ပူဇော်ထားသည့် ဂုဏ်တော်ဖွဲ့ဘုရားရှိခိုးပင် ဖြစ်ပါသည်။ ပုံတော်ကို ဂုဏ်တော်

## နိဒါန်း

စုံ ထုံမွမ်းကာ ရှိခိုးပူဇော်လိုသူတို့၏ စိတ်ဆန္ဒနှင့် အလွန်ကိုက်ညီမည့် ဘုရားရှိခိုး ဖြစ်သည့်အပြင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များကိုလည်း ပွားများကြည်ညို နိုင်သည့် ဘုရားရှိခိုးလည်း ဖြစ်ပါသည်။

ဘုရားရှိခိုးခြင်းသည် ဗုဒ္ဓဘာသာဝင်တို့ နေ့စဉ်ဆောင်ရွက်ကြသည့် ကုသိုလ် ဖြစ်သည်နှင့်အညီ ဘုရားရှိခိုးခြင်း၏ အကျိုးတရားများကိုလည်း သိရှိထားသင့်ပါ သည်။ ဘုရားရှိခိုးခြင်းဆိုသည်မှာ ဘုရား၏ဂုဏ်တော်များကို ရွတ်ဆိုပူဇော်ပွားများ ခြင်းပင်ဖြစ်ရာ ဘုရားရှိခိုးခြင်း၊ ဘုရားဂုဏ်တော်များ ပွားများခြင်း၏ အကျိုးများကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(ပထမအုပ်) စာမျက်နှာ-၂၀၆ တွင်—

(က) ဘုရားရှင်၌ အလွန်ရိုသေခြင်း

(ခ) သဒ္ဓါတရားတိုးပွားခြင်း

(ဂ) အမှတ်သတိကောင်းခြင်း

(ဃ) ဉာဏ်ပညာထက်မြက်ခြင်း

(င) ကုသိုလ်တရား တိုးပွားခြင်း

(စ) နှစ်သက်ဝမ်းမြောက်ရခြင်း

(ဆ) ဘေးရန်ကြီးငယ် အသွယ်သွယ်ကို အောင်နိုင်ခြင်း

(ဇ) မိမိကိုယ်ကို ဘုရားဂုဏ်ဖြင့် ထုံမွမ်းထားသဖြင့် ဘုရားရှင်နှင့် အတူနေရသကဲ့သို့ဖြစ်ခြင်း စသည့် အကျိုးတရားများစွာကို ဖော်ပြထားပါသည်။

သို့ဖြစ်၍ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်အစုံကို ရွတ်ဆိုပူဇော်ရှိခိုးလိုသူတိုင်း အလွယ်တကူ ရှိခိုးပူဇော်နိုင်ရန်နှင့် အနက်အဓိပ္ပာယ်ကိုပါ အပြည့်အစုံ သိရှိနိုင် စေရန် ရည်ရွယ်၍ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဤ''ပကိဏ္ဏက နမက္ကာရ အစိန္တေယျဘုရားရှိခိုးကြီး''ကို ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်တကွ ပုံနှိပ်ထုတ်ဝေအပ်ပါသတည်း။

**သာသနာရေးဦးစီးဌာန**

# အစိန္တေယျ ဘုရားရှိခိုး

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

(၁) **အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌဇေဋ္ဌ၊ အတုလပရမံ၊ အရဟံ ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရ မာရဇိ၊ တိလောကန္တဂူ၊ သယမ္ဘူ ဘဝိဿရ** ဤသို့စသား အသချေ်ယျ၊ နာမတံဆိပ်၊ ဂုဏ်ဝိသိဋ္ဌဖြင့်၊ ဇမ္ဗူဒိပ်မှတက်၍၊ ဘဝဂ်တိုင် ကြေညာလျက်၊ ကာမရူပ၊ အရူပဟု၊ ဩကာသသုံးရပ်၊ လောကဓာတ်၌၊ အမြတ်ထက် အမြတ်၊ သမိုက်အပ်သော၊ လူ, နတ်, ဗြဟ္မာ၊ မဟာကဝိန်၊ သုခမိန်တို့သည်၊ ပညိန္ဒြေ ရှိတိုင်းဖြင့်၊ ခြားပိုင်းတွက်ကျုံး၍၊ မဆုံးမကုန်နိုင်၊ မကြံစည်နိုင်၊ မအံ့ဩနိုင်၊ ပြည့်လိုင်ထွေပြား၊ များပြားကျယ်ဝန်းသော၊ ကျေးဇူးတော်အပုံ၊ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူပေထသော။

(၂) အမျိုးဖြင့် မြတ်သောသူ၊ ဘုန်းဖြင့် မြတ်သောသူ၊ ဂုဏ်ဖြင့် မြတ်သောသူတို့သည် မာန်မူဖက်ပြိုင်ခြင်းငှာ၊ မထိုက်၊ မကိုင်နိုင်မင်္ဂလာ ဤကမ္ဘာ၌၊ ပဌမာဒိက၊ ဘူမိပါလ၊ အာဒိစ္စဂိုဏ်း၊ တိုင်းပြုပြည်ပြု၊ သမ္မုတိဒေဝရာဇ်၊ နေနွယ်ဖြစ်၍၊ စင်စစ် အမျိုးတော်အားဖြင့် မြတ်သောဇာတိ မဟတ္တဂုဏ်။

သုံးဘုံရပ်လုံး၊ ညွှတ်ရုံးကော်ရော်၊ ပူဇော်ဦးညွှတ်ရာ ဖြစ်၍၊ စင်စစ် ဘုန်းတော်အားဖြင့် လွန်မြတ်သော ပုညမဟတ္တဂုဏ်။

ဝသုန်သေလာ၊ အဏ္ဏဝါကို၊ မြူလွှာပြုလျက်၊ နှိုင်းတုစက်လည်း၊ ကျေးဇူးနက်တိုင်၊ မကုန်နိုင်ဖြစ်၍၊ စင်စစ် ဂုဏ်တော်အားဖြင့် မြတ်သော ဂုဏမဟတ္တဂုဏ်။

ဤသုံးစုံကြောင့်၊ လူ့ဘုံနတ်ဌာန်၊ နှစ်နိုင်ငံ၌၊ ပြိုင်စံယှဉ်ဖော်၊ မပေါ် မဖြူ၊ တစ်ဆူတည်းသော၊ အပ္ပဋိပုဂ္ဂိုလ် ဖြစ်တော်မူထသော။

(၃) ဇမ္ဗူ့ကျက်သရေ၊ ချက်ဗွေဘူမိ၊ အပရာဇိခရိုင်၊ ညောင်မဏ္ဍိုင်ကို၊ စိုးပိုင်တော်မူအံ့သော ကာလ၌၊ ကာမလောကဓာတ်၊ ခုနစ်ရက်လုံး၊ ဆတ်ဆတ်လှိုက်ခုန်၊ တုန်ဘနန်းမျှ၊ သန်းအကုဋေ၊ နတ်ဗိုလ်ခြေနှင့်၊ မိုးမြေကြည်းဟီး၊ ပွဲတင်တီးအောင်၊ ဖျက်ဆီးလုယက်လာသော၊ မေခလာဂီရိ၊ တောင်တရို့မျှ၊ ပြောင်ကြီးသေဌ်နင်း၊ မာရ်နတ်မင်းကို၊ ဖြည့်တင်းတော်မူခဲ့သော ပါရမီဉာဏ်၊ ကံသမ္ဘာရှိန်၊ ဝရဇိန်လျှံပြောင်၊ ရွှေဘုန်းရောင်ဖြင့်၊ မှောင်မဝင်ခင်၊ အောင်မြင်တော်မူ၍၊ ကိလေသာစက်၊ သုံးထောင်ဝက်ကို၊ ဖြိုဖျက်တိုက်လှန်ခြင်းငှာ၊ အာနာပါနဘာဝနာဖြင့်၊ ရူပါဝစရ၊ အရူပါဝစရ၊ စတုတ္ထသမာပတ်တို့ကို၊ အာဝဇ္ဇနဝသီ, သမာပဇ္ဇနဝသီ, ပစ္စဝေက္ခဏာဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီတည်းဟူသော ဝသီဘော်ငါးတန်ဖြင့် အဖန်ဖန် လေ့လာတော်မူပြီးလျှင်။

ရှေးတီးကာလ၊ ဘဝရှည်ကျူး၊ ဖြစ်ဖူးသမျှ၊ ဒေသရပ်ရွာ၊ ခန္ဓာပင်စည်၊ အမည်, အမျိုးစသော ပရမတ်, ပညတ်တို့ကို တပ်အပ် သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသဉာဏ်။

သုံးတန်ဘုံသား၊ အများသတ္တ ဝေနေယျတို့၏၊ ကမ္မဂတိ၊ စုတိပဋိသန်၊ လားရန်ဌာနနှင့်တကွ၊ ဒူရ, ပဋိစ္ဆန္န၊ သဏှ, သုခုမဖြစ်သော ရူပါရုံကို အကုန်မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်။

လေးတန်သြဃ၊ အာသဝနှင့်၊ ယောဂ, ဂန္ထ၊ လေးဖြာဥပါဒါန်၊ ခြောက်တန်နီဝရဏ၊ အနုသယခုနစ်အင်၊ သံယောဇဉ်ဆယ်တန်၊ ခြံရံလျက်သား၊ များစွာသော အကုသိုလ်၊ ဗိုလ်ခြေစစ်သည်တို့ကို ကွပ်ကဲသော၊ သူရဲကိလေသာ၊ ထောင့်ငါးရာတို့ကို၊ စင်စွာပယ်ဖြတ်၊ အလွန်မြတ်သောကြောင့်၊ အရဟတ္တမဂ္ဂ အမည်ရသော အာသဝက္ခယဉာဏ်။

ဤသုံးတန်သော ဝိဇ္ဇာ၊ ခွဲစိတ်ဖြာသော် ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံတော်မူသဖြင့် သဃမ္ဘူအထွတ်၊ လူတမွတ်ဟု၊ မချွတ်သမိုက်အပ်ထသော။

(၄) ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟူသမျှတို့ ရခြင်းငှာမထိုက်၊ သုံးတိုက်ဘုံသား၊ အများသတ္တာ၊ ဝေနေယျပုဂ္ဂိုလ်တို့၏၊ အလိုဆန္ဒ၊ အာသယကိန်းဟန်ကို ကေန် သိမြင်နိုင်သော အာသယာနုသယဉာဏ်။

ဣန္ဒြေရင့်၊ မရင့်ကို၊ ထောက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်။

ပရမတ်၊ ပညတ်၊ အရပ်ရပ်လုံးစုံကို၊ အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်။

သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော၊ ဉေယျငါးခင်း အင်ကို သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင်ခြင်း မရှိသော အနာဝရဏဉာဏ်။

ယမိုက်ပြာဋိဟာ၊ လွှတ်ခြင်းအရာ၌၊ လေ့လာတော်မူနိုင်သော ယမကပါဋိဟာရိယဉာဏ်။

သနားထိုက်လှစွာသော၊ ဝေနေယျ သတ္တဝါတို့ကို၊ လွန်စွာသနားတော်မူသော မဟာကရုဏာ သမာပတ္တိဉာဏ်။

ဤခြောက်တန်သော၊ ဆအသာဓာရဏ၊ ဉာဏလျှံပြောင်၊ မြတ်တန်ဆောင်ကို ညှိထောင်ထွန်းစိုက်တော်မူသည်ဖြစ်၍၊ ပေးနီး စကြဝဠာ၊ သမန္တာရပ်၊ လောကဓာတ်တို့ကို၊ ထုတ်ခပ်ထင်ထင်၊ ရှုမြင်တော်မူနိုင်သော၊ ပသာဒစက္ခု၊ ဉာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခုတည်းဟူသော မျက်စိတော်ငါးလုံးဖြင့် အဆုံးမဲ့မြင်တော်မူပြီးထသော။

(၅) ပလ္လင်၊ အနိမိသ၊ စင်္ကမ မှသည်၊ စတုတ္ထ သတ္တာဟဝယ်၊ ရတနာ ရွှေအိမ်၊ ချမ်းရိပ်ငြိမ်၍၊ မွေ့သိမ် စမ္ပာယ်တော်မူကာ အဘိဓမ္မာ ခုနစ်ကျမ်းတွင်၊ ပဋ္ဌာန်းဒေသနာကို လေ့လာဆင်ခြင်တော်မူသော၊ အာနုဘော်တော်ကြောင့်၊ အသွေးတော် အသားတော်၊ အရိုးတော်စု၊ ဝတ္ထုပသာဒိန္ဒြေ အလုံးမှ၊ ပြိုးပြိုး ပြိုးပြက်၊ ရိုးရိုးရက် တောက်ပလျက်၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊မဉ္ဇိဋ္ဌ၊ ပဘဿရာ၊ မိလ္လာရည်လို၊ ဖိတ်ဖိတ်ယိုမျှ၊ ညိုသောရောင်ခြည်တော်။

ဖဲကတ္တီပါ၊ ဂီဝါလျှပ်ပြေ၊ ရွှန်းရွှန်းဝေမျှ၊ ရွှေသောရောင်ခြည်တော်။

ကသစ်ခေါင်ရန်း၊ ပန်းကြက်မောက်ပီ၊ တွေးတွေးချီမျှ၊ နီသော ရောင်ခြည်တော်။

သာခွာဘော်ကြူ၊ ဖွေးဖွေးလူသကဲ့သို့၊ ဖြူသောရောင်ခြည်တော်။

ပြာလျှံ၊ ညိုလျှံ၊ ခိုလျှံစုပေါင်း၊ ရှုမညောင်းမျှ၊ မောင်းသောရောင်ခြည်တော်။

ထွန်းပေါ်ဝင်းဝင်း၊ ထိန်လင်းစက်စက်၊ လျှပ်စစ်လက်သကဲ့သို့၊ ပြိုးပြိုးပြက်သော ရောင်ခြည်တော်တည်းဟူသော၊ ရောင်ခြည်တော်ခြောက်ဆိုင်ကို၊ တစ်ပြိုင်တည်း ကွန့်မြူးစေလျက်၊ လ နေ အတိ၊ လျှံငြိပြောင်ပြောင်၊ ဗိမာန်ရောင်နှင့်၊ သောင်းထောင် စကြဝဠာ၊ ထွန်းလင်းဖြာသော ပြဟ္မာကြီးတို့၏၊ ကိုယ်ရောင်ကိုလျက်၊ နှိပ်စက်လွှမ်းမိုးနိုင်သော ကိုယ်တော်ရောင်တို့ဖြင့်၊ အထောင်အသောင်းသော လောကဓာတ်တို့ကို၊ တလျှပ်လျှပ် ထွန်းလင်းတော်မူပြီးထသော။

(၆) ပရိဗိုဇ် တက္ကတွန်း၊ ရဟန်းရသေ့၊ မုနေ့အရည်း၊ ဦးပြည်းတပသီ၊ ပေရာဂီတို့၏၊ ဝါဒီအလိုက်၊ စရိုက်ဘာဝ၊ ကျင့်ဆောင်ကြသော သာသနာ့ဗာဟီ၊ လောကီသီလတို့ထက်၊ ဆတက်ထောင်ရာ၊ သာလွန်ဘိသဖြင့်၊ အဓိသီလဟု သမုတ်အပ်သော၊ အာပတ်ခုနစ်ပုံကို၊ လုံခြုံစွာ စောင့်ကြောင်းဖြစ်သော၊ ပါတိ–မောက္ခသံဝရ။

ဣန္ဒြေခြောက်ပါးကို တားမြစ်ပိတ်ပင်ကြောင်းဖြစ်သော ဣန္ဒြိယသံဝရ။

မိစ္ဆာဇီဝမှ ကြဉ်ခွာလျက်၊ စင်ကြယ်စွာ အသက်မွေးကြောင်းဖြစ်သော၊ အာဇီဝပါရိသုဒ္ဓိသီလ။

ပစ္စည်း ၄–ဖြာကို၊ ပစ္စဝေက္ခဏာတင်၍ သုံးသပ်ဆင်ခြင်ခြင်းတည်းဟူသော ပစ္စယသန္နိဿိတသီလ။

ဤလေးဝသော၊ စတုပါရိ သုဒ္ဓိတံခွန် အလွန်ဖြူစင်၊ မြူမတင်ခြင်းတည်းဟူသော သီလဝိသုဒ္ဓိ။

မဟဂ္ဂုတ် လောကုတ္တရာ စျာန်၅သာလျှင်၊ မြဲမြံစွာလေ့လာခြင်းတည်းဟူသော စိတ္တဝိသုဒ္ဓိ။

ခြောက်ဆယ့်နှစ်ဖြာသော၊ မိစ္ဆာဝါဒီ၊ ဝိတဏ္ဍီညစ်ကြေးမှ၊ ကင်းဝေးစင်ဖြူ လျက်၊ အယူ၏စင်ကြယ်ခြင်းတည်းဟူသော၊ ဒိဋ္ဌိဝိသုဒ္ဓိ။

၁၆–ပါးသော၊ ယုံမှားသင်္ကာကို၊ ဖြတ်ခွာလွန်မြောက်နိုင်သော၊ ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ။

မဂ်ဟုတ်သည်, မဟုတ်သည်ကို မြင်နိုင်သောဉာဏ်၏ စင်ကြယ်ခြင်းတည်း ဟူသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

မဂ်သို့ရောက်ကြောင်း၊ အကျင့်ကောင်းကို၊ မြင်နိုင်သော၊ ဉာဏ်၏စင်ကြယ် ခြင်းတည်းဟူသော၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။

မဂ် ၄–ရပ်နှင့်၊ သဟဇာတ် သမ္ပယုတ်ဖြစ်၍၊ သစ္စာ ၄–တန်ကို၊ ၁၆– နက် ဝေဖန်၍၊ ကေန်သိမြင်နိုင်သော၊ ဉာဏဒဿနဝိသုဒ္ဓိတည်းဟူသော၊ ဝိသုဒ္ဓိ ခုနစ်ပါး၊ တရားဘွဲ့ဖြူ သရဖူမကိုဋ်၊ ဦးစိုက်မင်္ဂလာ၊ မြတ်တန်ဆာကို၊ တင့်တယ် စွာ ဆင်ယင်လျက်။

တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိ, ပဋိပဿဒ္ဓိဝိမုတ္တိ, နိဿရဏ ဝိမုတ္တိတည်းဟူသော ဝိမုတ္တိငါးရပ်၊ တရားမြတ်ကြောင့်၊ လောကဓာတ်အလုံး၊ ညွတ်ကျိုးပူဇော်ရာ၊ အာဂါရမုနိ, အနာဂါရမုနိ, သေက္ခမုနိ, အသေက္ခမုနိ, ပစ္စေကမုနိတို့ထက်၊ ကဲတက်လွန်မြတ်စွာ၊ မုနိန္ဒာဘိပဝရ အတုလမုနိလည်း ဖြစ်တော်မူပေထသော။

(၇) ဂင်္ဂါဝါဠု၊ သဲစုမြူဟန်၊ ပမာတန်ကဲ့သို့၊ အနန္တဂူ၊ နိဗ္ဗာန်ယူကုန်သော၊ ဆူဆူမြတ်စွာ၊ စောသတ္တာတို့၏၊ သွားရာလမ်းကြောင်း၊ စရိုက်ကောင်းမူလဖြစ် သော၊ သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနမတ္တညုတာ, ဇာဂရိယာနုယောဂ, သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ, လေးဖြာသော ဈာန်တည်းဟူသော၊ စရဏတရား၊ တစ်ဆယ့်ငါးပါးတို့ကို၊ အားသစ်ကျင့်ဆောင်

တော်မူသဖြင့်၊ သယမ္ဘူတကာ၊ ပြည့်စုံရာသာ၊ နာနာကုလတို့၏၊ ဝေါဟာရသဒ္ဒါ အနက်ကို၊ အချက်ကျသိနိုင်သော အတ္ထပဋိသမ္ဘိဒါ။

ဝါစာဂီရတ်၊ နှုတ်သံလွှတ်က၊ ဇာတ်တူတူ, မတူတူ, ဘာသာဟူသမျှကို၊ ကေန္တသိစေနိုင်သော၊ ဓမ္မပဋိသမ္ဘိဒါ။

တစ်ခုတစ်ခုသော ပုဒ်အက္ခရာ၊ သဒ္ဒါ၏အလိုကို၊ ဝိဂ္ဂြိုဟ်ဝစနတ်, ဓာတ် , ပစ္စည်း, လိင်, အန်ဖြင့်၊ ဝေဖန်၍ သိနိုင်သော နိရုတ္တိပဋိသမ္ဘိဒါ။

ကိုယ်တော်သိသမျှတရားကို၊ သူတစ်ပါးသိစိမ့်သောငှာ၊ သဒ္ဒါ, ပညတ်သို့ တင်၍၊ စုံလင်စွာမြွက်ဆိုတတ်သော၊ ပဋိဘာန ပဋိသမ္ဘိဒါတည်းဟူသော ပဋိသမ္ဘိဒါ လေးပါး။

ဣဒ္ဓိဝိဓ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မုပဂ, အနာဂတံသတည်းဟူသော အဘိညာဉ်ခုနစ်ပါး။

ရူပဈာန်လေးရပ်၊ အရူပဈာန်လေးရပ်အားဖြင့် သမာပတ်ရှစ်ပါး၊ ကျေးဇူး တော်တစ်ဆယ့်ရှစ်ပါး၊ ထူးပြားဆန်းကြယ်၊ အံ့ဖွယ်တော်တစ်ဆယ့်ရှစ်စုံ၊ ထိုမျှ ဂုဏ်ကို အုပ်ခြုံစိုးပိုင်တော်မူပြီးထသော။

(၈) ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် ဤငါးတန်တို့ကို တိုက်လှန်ဖြိုခွဲ၍၊ အောင်ပွဲယူနိုင်၊ ရဲခေါင်တိုင်သော ကာယာ နုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိ ပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်တည်းဟူသော သတိပဋ္ဌာန်လေးပါး။

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်း၊ မဖြစ်သေးသော အကုသိုလ် ကံကို တစ်ဖန်အသစ် မဖြစ်စေခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ကြီးပွားစည်ပင် စိမ့်သောငှာ လုံ့လပြုခြင်းတည်းဟူသော သမ္မပ္ပဓာန်လေးပါး။

ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်တည်းဟူသော ဣဒ္ဓိပါဒ် လေးပါး။

သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတည်းဟူသော ဣန္ဒြေငါးပါး။

သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်တည်းဟူသော ဗိုလ်ငါးပါး။

သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင်ခုနစ်ပါး။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတည်းဟူသော မဂ္ဂင်ရှစ်ပါး။

ဤသို့အားဖြင့် ပိုင်းခြင်းတွက်ဖွဲ့၊ သုံးဆယ့်ခုနစ်ရပ်၊ အလွန်မြတ်သော၊ ဗောဓိပက္ခိယ၊ ဓမ္မအကျော် ရဲမက်တော်တို့ကို၊ ကိုယ်ရံတော်ကြီး၊ ဦးစီးဗိုလ်ချုပ်တင်လျက်၊ အသင်္ချေချေ၊ တွက်ရေမဆုံး၊ ပတ်ကုံးကိလေသာ၊ မာရ်ဗိုလ်ပါတို့ကို၊ ဆံလွှာမကြွင်းအောင်၊ ခုတ်စဉ်းတိုက်သိမ်း၊ အငြိမ်းအောင်မြင်တော်မူသဖြင့် အသခ်တ၊ ခေမရွှေဘုံ၊ ဓမ္မာရုံသဘင်၊ မြိုက်နန်းခွင်၌၊ ဦးကင်စွင့်စွင့်၊ ဖွင့်တော်မူပြီးထသော။

(၉) လေးအသင်္ချေ၊ လွန်လေတစ်သိန်း၊ တွက်ကိန်းများလှ၊ ကပ်ထိုမျှ၌၊ လုံ့လကြိုးပမ်း၊ ဖြည့်စွမ်းဆည်းပူးတော်မူခဲ့သော၊ ဒါနပါရမီ,သီလပါရမီ,နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီ, အဓိဋ္ဌာန်ပါရမီ, ဥပေက္ခာပါရမီ, ဆယ်လီသုံးစုံ ကုသိုလ်ဟုန်ကြောင့်၊ လူ့ဘုံစံပျော်၊ အလောင်းတော် ဖြစ်ခါစပင်၊ ကာဠာဝက, ဂင်္ဂေယျနှင့်, ပဏ္ဍရ, တမ္ဗ, ပိင်္ဂလ, ဂန္ဓ, မင်္ဂလ, ဟေမ, ဥပေါသထ, ဆဒ္ဒန်၊ ဤဆယ်တန်သော ဆင်မျိုးတို့၏၊ ဆယ်ဆတက် ဆယ်ဆတက်စီသောအားကို ဆောင်နိုင်သည်ဖြစ်၍၊ ယောကျ်ားဗိုလ်ခြေ၊ ကုဋေတစ်သောင်းတို့၏၊ ကာယဗလ၊ ဌာနာဌာနကောသလ္လဉာဏ်, ဝိပါကဉာဏ်, သဗ္ဗတ္ထ ဂါမိနီဉာဏ်, နာနာဓာတုဉာဏ်,

အဓိမုတ္တိဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်, စျာနာဒိသံကိလေသဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယ ဉာဏ်တည်းဟူသော ဆယ်ပါး သော ဉာဏဗလကို ရတော်မူသည် ဖြစ်၍၊ လူ့ပြည်နတ်ရပ်၊ ခေတ်သုံးထပ်ကို၊ အုပ်ကွပ်စိုးပိုင်၊ နိုင်တော်မူခြင်းတည်းဟူသော၊ ဣဿရိယ ဘုန်းတော်။

လောကုတ္တရာတရား၊ မြတ်ရှစ်ပါးသို့၊ ထင်ရှားစွာ ရောက်ခြင်းတည်းဟူသော၊ ဓမ္မဘုန်းတော်။

နရက်ဘဝဂ်၊ အောက်ထက်ပြန့်လှိုင်၊ သုံးခရိုင်၌၊ အဆုံးတိုင် ကျော်စော တော်မူခြင်းတည်းဟူသော ယသဘုန်းတော်။

သုံးဆယ့်နှစ်ပါး၊ သမိုက်ထားသော၊ ယောကျ်ားမြတ်တို့၏ လက္ခဏာ၊ ရောင်ဝါမြိုတေ၊ ကျက်သရေအပေါင်းတို့နှင့်၊ ပြည့်စုံတော်မူခြင်းတည်းဟူသော၊ သိရီဘုန်းတော်။

အလိုတော်ရှိသမျှ၊ တစ်ခဏချင်းဖြင့်သာ ပြည့်စုံလာခြင်းတည်းဟူသော၊ ကာမဘုန်းတော်။

နိဗ္ဗာန်ရောက်ရာ၊ ဒေသနာဖြင့်၊ ပြဟ္မာနတ်လူ၊ သုံးဘုံသူတို့ကို၊ ကြည်ဖြူ စွာလှ၊ သင်ဆုံးမသောကြောင့်၊ လောကလုံးကိုးကွယ်ရာ၊ ဆရာအဖြစ်သို့၊ ရောက် တော်မူခြင်းတည်းဟူသော၊ ပယတ္တဘုန်းတော်။

ဤခြောက်ဖော်သော၊ ဘုန်းတော်အမြတ်၊ ဂုဏ်အရပတ်ဖြင့်၊ လောက ဓာတ်လုံး၊ ညွတ်ရုံးညီကာ၊ ကောင်းချီးငြာလျက်၊ ဘဂဝါဟူသော၊ ဘွဲ့ပုံတော် အထူးဖြင့်၊ ညွတ်နူးကော်ရော်၊ ပူဇော်ချီးပအပ်သည်လည်း ဖြစ်ထသော။

(၁၀) အမှုဆက္ကာသတ၊ ဇာတကကို၊ ပုံပြသက်သေခံလျက်၊ အနန္တဘဝ၊ ဖြစ်ဖြစ်သမျှတို့၌၊ ဓနပရိစ္စာဂ, ပုတ္တပရိစ္စာဂ, ဘရိယပရိစ္စာဂ, အင်္ဂပရိစ္စာဂ, ဇီဝိတပရိစ္စာဂ တည်းဟူသော စွန့်ခြင်းကြီးငါးအင်ကို မဂ္ဂင်ဖောင်ပျံ စံလိုသူအပေါင်း တို့ထက် ကဲဆောင်းလွန်မောက်၍၊ အထောက်မတန်ပြုခဲ့သော၊ ဟေတုသမ္ပဒါ မြတ်သမ္မာကြောင့်။

အဏိမာ, လဃိမာ, မဟိမာ, ပတ္တိမာ, ကမ္ဗ, ဤသိတာ, ဝသိတာ, ယတ္ထကာမဝသာယိတာ, ဟူသော ဘာသာမဂဓိုရ်၊ ရာဇဂြိုဟ်ဥဒါန်းနှင့်အညီ၊ ရုံသီနေပြောက်၊ ပြတင်းပေါက်၌၊ မြင်လောက်ရုံသာ၊ အဏုမြူပမာ၊ သိမ်မွေ့စွာသော ကိုယ်တော်ကို ဖန်ဆင်းတော်မူနိုင်ခြင်း။

ရေပြင်မြေမိုး၊ ပျံလျှိုးငုပ်လျှား၊ သွားတော်မူနိုင်ခြင်း။

ကြီးစေလိုက၊ မြင်းမိုရ်ပြန်ရာ၊ ထို့ထက်သာ၍၊ စကြာဝဠာတိုက်လုံး၊ လွှမ်းဖုံးပတ်လှည့်၊ ကိုယ်တော်ပြည့်အောင်၊ တရှိထိုင်တော်မူနိုင်ခြင်း။

မြေထုရေထု၊ နေရုပဗ္ဗတာ၊ သီလာတောင်ထပ်၊ အတွင်းရပ်ကို၊ ကျဉ်းကြပ်ပိတ်ဆည်းခြင်းမရှိ၊ ပကတိကောင်းကင်၊ ဟင်းလင်းပြင်ကဲ့သို့၊ လျှိုးဝင်ထွင်းဖောက်ကြွရောက်တော်မူနိုင်ခြင်း။

မနောမိဋ္ဌာန်၊ စိတ်တော်ကြံတိုင်း၊ ကမ္ဗာကမ္ဗ၊ ဟူသမျှကို ကုန်ငပြီးမြောက်ခြင်း။

သုံးဆယ့်တစ်ဘုံ၊ အလုံးစုံကို၊ အုပ်ချုပ်စိုးပိုင်တော်မူခြင်း။

လောကီစျာန်ရပ်၊ သမာပတ်ကို၊ မပြတ်ဝင်ကာ၊ လိုတိုင်းပါအောင်၊ လေ့လာတော်မူနိုင်ခြင်း။

သက်မရှိသည့်၊ ဂီရိဗဟို တောင်မြင်းမိုရ်မှလည်း၊ လိုတော်လိုက်ကာ၊ ညွတ်ငိုက်လာရခြင်းတည်းဟူသော တန်ခိုးရှစ်ဦး၊ ဘုန်းတော်ထူးဖြင့်၊ အံ့ကျူးပြီးပိုင်၊ မချီးနိုင်၍၊ တစ်ပြိုင်တည်လျက်၊ တစ်ပြိုင်ပျက်သော၊ စကြာဝဠာတိုက်နေ၊ သိန်းကုဋေလုံး၊ ရွှေမုဋ္ဌာန်စွမ်း၊ အာဏာလွှမ်း၍၊ ထဲဝမ်းစိမ့်စိမ့်၊ ကြက်သီးဖိမ့်မျှ၊ ခြိမ့်ခြိမ့်ကြွေးကြော်၊ ပူဇော်ကြရာ၊ သုံးရွာလုံးတန်ဆောင်၊ မင်းခေါင်မင်းဖျား၊ မင်းတရားအစစ်လည်း ဖြစ်တော်မူထသော။

(၁၁) လောကသုံးရွာ၊ သတ္တဝါတို့၏ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန်ကပ်ငြိလျက် ဖိစီးနှိပ်စက်တတ်သော ပီဠနအနက်။

ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်တတ်သော သင်္ခတအနက်။

မရောင့်ရဲစွာ သတ္တဝါတို့ကို ဆာလောင်ပူပန်စေတတ်သော သန္တာပ အနက်။

ဇရာ, မရဏ, သောက, ပရိဒေ တို့ဖြင့် ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမ အနက်တည်းဟူသော လေးပါးသော ဒုက္ခသစ္စာ၏ အနက်တို့ကိုလည်းကောင်း၊

အစမထင် သသံရာ၌၊ လူးလာစုံဆန် အဖန်ဖန်သွားလာစေခြင်းငှာ အားထုတ်တတ်သော အာယူဟနအနက်။

ဝဋ်ဆင်းရဲအပေါင်း၏ အကြောင်းမူလဖြစ်သော နိဒါနအနက်။

ဝဋ်ဆင်းရဲ၌ အမြဲပျော်ရွှင် တမင်မင်ဖြင့် ယှဉ်စေတတ်သော သံယောဂအနက်။

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို ဆီးကာတားမြစ်တတ်သော ပလိဗောဓအနက်တည်းဟူသော လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကို လည်းကောင်း။

သံသရာဝဋ်မှ ထွက်လွတ်ကူးမြောက်ပြီးသော နိဿရဏအနက်။

ပြုပြင်ရာ သင်္ခါရတို့မှ ဆိတ်သော ဝိဝေက အနက်။

ပြုပြင်ခြင်းကင်းသော အသင်္ခတအနက်။

သေခြင်းစသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းချမ်းသာသော အမတအနက်တည်းဟူသော လေးပါးသော နိရောဓသစ္စာ၏ အနက်တို့ကိုလည်းကောင်း။

ဝဋ်ဒုက္ခအပေါင်းမှ ကောင်းစွာ ထွက်မြောက်တတ်သော နိယျာနိက အနက်။

နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဟေတုအနက်။

နိဗ္ဗာန်ကို မြင်တတ်သော ဒသာနအနက်။

သစ္စာလေးမျိုးကို အစိုးရသော အဓိပတေယျ အနက်တည်းဟူသော လေးပါးသော မဂ္ဂသစ္စာ၏ အနက်တို့ကို လည်းကောင်း။

အကြောင်းအကျိုးအားလျော်စွာ လေးပါးသစ္စာကို ဒသာနာကာရဖြင့် သောဠသ ဝေဖန်၍ ရွှေဉာဏ်ထင်ထင် ရွှေလက်တင် ပတ္တမြားကဲ့သို့ ပိုင်းခြားသိမြင်တော်မူသည့် အလျောက် အထောက်အခံ ကံ ဉာဏ် ကြီးရင့် ပွင့်ထိုက်သော သတ္တဝါ ဝေနေယျာတို့ကို ပွင့်ပါစေ နှလုံးဖြင့် စွေချုန်းထစ်ကြိုး ရှစ်ကိုးနယ်ကုန် သုန်သုန်ပြင်းဝှန် ရွာဖြန်းသွန်သော မေဃဝန်တမျှ ဓမ္မဘေရီ မေဒနီကို နာရီမလပ် လူနှင့်နတ်အား မပြတ်တိုက်ကျွေး ပေးတော်မူပေတတ်သော သုံးရပ်လုံး ဆရာ ဒေဝါတိဒေဝိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ တိဘဝပါရဂူ အဘိဘူပါမောက္ခ အနုတ္တရ သင်းကျစ် မဟာဓမ္မရာဇ် မြတ်ရှင်ချစ်ကို အဟံ၊ ကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးပါ၏။

ဝန္ဒေဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

**အစိန္တေယျဘုရားရှိခိုးကြီးပြီး၏။**

# ခက်ဆစ်အဖြေ

## အပိုဒ် ၁

**အစိန္တေယျ** = မကြံစည်နိုင်သော၊ ကြံတွေးမရနိုင်သော။

**အပ္ပမေယျ** = မနှိုင်းယှဉ်နိုင်သော။

**သေဋ္ဌ** = လောကထက်မြတ်သော။

**ဇေဋ္ဌ** = လောကထက်ကြီးသော။

**အတုလ** = တုဖက်ကင်းသော။

**ပရမံ** = မြတ်သော။

**အရဟံ** = ပူဇော်အထူးကို ခံထိုက်သော။

**ဘဂဝါ** = ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။

**သမ္မာသမ္ဗုဒ္ဓ** = အလုံးစုံသောတရားကို မဖောက်မပြန် မှန်ကန်စွာ ကိုယ်တိုင် ထိုးထွင်း၍သိသော။

**အနုတ္တရ** = မိမိထက် လွန်မြတ်သူ မရှိသော။

**မာရဇိ** = မာရ်ငါးပါးကို အောင်မြင်တော်မူသော။

**တိလောကဂ္ဂဂူ** = လောကသုံးပါး၏ အဆုံးသို့ ရောက်တော်မူသော။

**သယမ္ဘူ** = တရားကို ကိုယ်တိုင် သိတော်မူသော။

**ဘဝိဿရ** = ဘဝကို စိုးမိုးတော်မူသော။

**အသင်္ချေယျနာမတံဆိပ်** = မရေမတွက်နိုင်သော အမည်တော်ဘွဲ့တံဆိပ်။

**ဂုဏဝိသိဋ္ဌ** = ဂုဏ်ထူး။

**ဇမ္ဗူဒိပ်** = ကျွန်းကြီးလေးကျွန်းအနက် ဇမ္ဗူဒီပါ တောင်ကျွန်း။

**ဘဝဂ်** = သုံးဆယ့်တစ်ဘုံတွင် အထက်ဆုံးဘုံ။

**ကာမရူပ၊ အရူပ ဩကာသ သုံးရပ်** = ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ဟူသော သတ္တဝါတို့ တည်နေရာ ဘုံကြီးသုံးရပ်။

**လောကဓာတ်** = စကြဝဠာ လောကကြီး။

**သမိုက်အပ်သော** = သမုတ်အပ်သော။

**မဟာကဝိန်** = ပညာရှိကြီး။

**သုခမိန်** = ပညာရှိ။

**ပညိန္ဒြေ** = ဉာဏ်ပညာ။

**ကျေးဇူးတော်အပုံ** = ကျေးဇူးတော်အများအပြား။

**အပိုဒ် ၂**

**မကိုဋ်မင်္ဂလာ** = ထူးခြားမွန်မြတ်သည့် မကိုဋ်သရဖူ။

**ပဌမာဒိက** = အစဦးဆုံး။

**ဘူမိပါလ** = မင်း။ (ဤ၌ သမ္မတမင်းကို ဆိုလိုသည်။)

**အာဒိစ္စဂိုဏ်း** = နေမျိုးမှ ဆင်းသက်ပေါက်ဖွားလာသော။

**သမ္မုတိဒေဝရာဇ်** = မင်း။ (မင်းကို သမ္မုတိနတ်ဟု ခေါ်သည်။)

**ဇာတိမဟတ္တဂုဏ်** = အမျိုးဇာတ်အားဖြင့် ကြီးမြတ်သောဂုဏ်။

**ပုညမဟတ္တဂုဏ်** = ဘုန်းတော်အားဖြင့် ကြီးမြတ်သောဂုဏ်။

**ဝသုန်** = မြေ။

| | | |
|---|---|---|
| **သေလာ** | = | ကျောက်တောင်။ |
| **အဏ္ဏဝါ** | = | သမုဒ္ဒရာ။ |
| **ဂုဏမဟတ္တဂုဏ်** | = | ဂုဏ်အားဖြင့် ကြီးမြတ်သောဂုဏ်။ |
| **အပ္ပဋိပုဂ္ဂိုလ်** | = | ယှဉ်ဘက်မရှိသော ပုဂ္ဂိုလ်။ |

## အပိုဒ် ၃

| | | |
|---|---|---|
| **ဇမ္ဗူ** | = | ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း။ |
| **ချက်ဗွေဘူမိ** | = | ဇမ္ဗူဒိပ်ကျွန်း၏ အလယ်ဗဟို။ |
| **အပရာဇိခရိုင်** | = | အပရာဇိတပလ္လင်၊ ရန်သူတို့ မအောင်မြင်နိုင်သည့် နေရာထူး။ |
| **ညောင်မဏ္ဍိုင်** | = | သဗ္ဗညုတ ဉာဏ်တော်၏ ကြည်ရာ ဖြစ်သော မဟာဗောဓိညောင်ပင်။ |
| **ကာမလောကဓာတ်** | = | လူ့ဘုံ၊ နတ်ဘုံခြောက်ထပ်ဟူသော ကာမသုဂတိခုနစ်ဘုံ။ |
| **ကြည်းဟီး** | = | အသံကျယ်စွာ မြည်သည်။ |
| **မေခလာဂီရိ** | = | မာရ်နတ်၏ ဂီရိမေခလာ မည်သောဆင်။ |
| **မာရ်နတ်** | = | နှောင့်ယှက်ဖျက်စီးသည့်နတ်။ |
| **ပါရမီဉာဏ်** | = | ပါရမီဆယ်ပါး ဉာဏ်တော်ကုသိုလ်။ |
| **ကံသမ္ဘာရှိန်** | = | ကံအဆောက်အဦ အဟုန်။ |
| **ဝရဇိန်** | = | မိုးကြိုးစက်။ |
| **ကိလေသာစက်** | = | တစ်ထောင့်ငါးရာကိလေသာ။ |

**သုံးထောင်ဝက်** = သုံးထောင်၏ တစ်ဝက်။

**အာနာပါန ဘာဝနာ** = ထွက်သက်ဝင်သက်ကို စီးဖြန်းသော ကမ္မဋ္ဌာန်း။

**ရူပါဝစရ၊ အရူပါဝစရ** = ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟူသော ဝင်စားသည့် ဈာန်လေးပါး။

**ဝသီဘော်ငါးတန်** = ဈာန်ကို အထူးသဖြင့် နိုင်နင်းစေရန် အလေ့အကျင့်ပြုမှု ငါးမျိုး။

(၁) အာဝဇ္ဇနဝသီ = ထပ်ကာ ထပ်ကာ ဆင်ခြင်ခြင်း အလေ့အကျင့်။

(၂) သမာပဇ္ဇနဝသီ = ထပ်ကာ ထပ်ကာ ဝင်စားခြင်း အလေ့အကျင့်။

(၃) ပစ္စဝေက္ခဏာဝသီ = အဖန်ဖန် သုံးသပ်ခြင်း အလေ့အကျင့်။

(၄) အဓိဋ္ဌာနဝသီ = ဈာန်မှထရန် ဆောက်တည်ခြင်း အလေ့အကျင့်။

(၅) ဝုဋ္ဌာနဝသီ = သတ်မှတ်ချိန် အတိုင်း ဈာန်မှထခြင်း အလေ့အကျင့်။

**ရှေးတီးကာလ** = ရှေးလွန်လေပြီးသောအခါ။

**ပရမတ်** = ရုပ်နာမ်တရား။

**ပညတ်** = အမည်။

**ပုဗ္ဗေနိဝါသဉာဏ်** = ရှေးက နေခဲ့ဖူးသည်ကို ပြန်သိသောဉာဏ်။

| | | |
|---|---|---|
| **ဝေနေယျ** | = | ကျွတ်ထိုက်သော သတ္တဝါ။ |
| **ကမ္ဗု** | = | ကုသိုလ်ကံ၊ အကုသိုလ်ကံ။ |
| **ဂတိ** | = | လားရာအရပ်။ |
| **စုတိ** | = | သေခြင်း။ |
| **ပဋိသန်** | = | မွေးဖွားခြင်း။ |
| **ဒူရ** | = | ဝေးသော။ |
| **ပဋိစ္ဆန္န** | = | တစ်စုံတစ်ခုဖြင့် ဖုံးအုပ်ထားသော။ |
| **သဏှ** | = | သိမ်မွေ့သော။ |
| **သုခုမ** | = | အနုစိတ်ဖြစ်သော။ |
| **ဒိဗ္ဗစက္ခု** | = | နတ်မျက်စိကဲ့သို့မြင်နိုင်သောဉာဏ်။ |
| **ဩဃ** | = | ရေအလျဉ်နှင့်တူသော တရား၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဟု လေးမျိုးရှိသည်။ |
| **အာသဝ** | = | ကြာမြင့်စွာ ထုံအပ်သည့်အရက်နှင့် တူသော တရား။ ဩဃကဲ့သို့ ကာမ၊ ဘဝ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာဟု လေးမျိုးရှိသည်။ |
| **ယောဂ** | = | သံသရာဝဋ်၌ ဒုက္ခနှင့် တွဲယှဉ်စေတတ်သော တရား။ အထက်ပါအတိုင်းလေးမျိုးရှိသည်။ |
| **ဂန္ထ** | = | သံသရာဝဋ်ဒုက္ခ၌ ထုံးဖွဲ့တတ်သောတရား။ အဘိဇ္ဈာ၊ ဗျာပါဒ၊ သီလဗ္ဗတပရာမာသ၊ ဣဒံ သစ္စာဘိနိဝေသ ဟူ၍ လေးမျိုးရှိသည်။ |
| **ဥပါဒါန်** | = | ပြင်းထန် ခိုင်မြဲစွာ စွဲလမ်းတတ်သော တရား။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ |

အတ္တဝါဒုပါဒါန်ဟူ၍ လေးမျိုးရှိသည်။

**ခြောက်တန်နီဝရဏ** = ကုသိုလ်တရားတို့ မဖြစ်ပေါ်ရအောင် ပိတ်ဆီးတားမြစ်တတ်သော တရားခြောက်ပါး။ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ ဤခြောက်မျိုးဖြစ်သည်။

**အနုသယခုနစ်အင်** = မဖြစ်ပေါ်သေးဘဲ စိတ် သန္တာန်၌ ကိန်းနေသော တရားခုနစ်မျိုး။ ကာမရာဂ၊ ဘဝရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ ဤခုနစ်မျိုးဖြစ်သည်။

**သံယောဇဉ် ဆယ်တန်** = သတ္တဝါတို့ကို သံသရာစက်မှ မထွက်နိုင်အောင် ဖွဲ့နှောင်ဆွဲတွယ်တတ်သော တရားဆယ်ပါး။ ကာမရာဂ၊ ရူပရာဂ၊ အရူပရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ ဤဆယ်မျိုးဖြစ်သည်။

**ကိလေသာ** = စိတ်ကို ညစ်နွမ်းစေတတ်၊ ပူလောင်စေတတ်သော တရား။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပဟူ၍ ကိလေသာဆယ်ပါး။

**ထောင့်ငါးရာကိလေသာ** = လောကီစိတ်–၁၊ စေတသိက်–၅၂၊ ပေါင်း နာမ်တရား–၅၃။ နိပ္ဖန္နရုပ်–၁၈၊ လက္ခဏာရုပ်–၄၊ ပေါင်း ရုပ်တရား–၂၂။ နာမ်ရုပ် နှစ်ရပ်ပေါင်း ၇၅။ ယင်းကို အဇ္ဈတ္တဗဟိဒ္ဓ သန္တာန် နှစ်ပါးနှင့်မြှောက်–၁၅၀။ ယင်း ၁၅၀–

သည် အားလုံးကိလေသာ ဆယ်ပါး၏ အာရုံဖြစ်သောကြောင့် ကိလေသာ ၁၀–ပါးနှင့် မြှောက်၊ ၁၅၀ x ၁၀= ၁၅၀၀ ဖြစ်၏။

**အရဟတ္တမဂ္ဂ** = မဂ်လေးပါးတွင် အထွတ်အထိပ်ဖြစ်သော မဂ်။

**အာသဝက္ခယဉာဏ်** = အာသဝေါတရား ကုန်ရာဖြစ်သောဉာဏ်။

**ဝိဇ္ဇာသုံးပါး** = ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာဝက္ခယဉာဏ်။

**ဝိဇ္ဇာရှစ်ပါး** = ၁–ပုဗ္ဗေနိဝါသဉာဏ်၊ ၂–ဒိဗ္ဗစက္ခုဉာဏ်၊ ၃–အာသဝက္ခယဉာဏ်၊ ၄–နတ်၏ နားကဲ့သို့ ကြားနိုင်သော ဒိဗ္ဗသောတအဘိညာဏ်၊ ၅–သူတစ်ပါးစိတ်ကို သိနိုင်သော ပရစိတ္တဝိဇာနနအဘိညာဏ်၊ ၆–တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓအဘိညာဏ်၊ ၇–စိတ်အလိုအတိုင်း ပြီးနိုင်သော မနောမယိဒ္ဓိ၊ ၈–ဝိပဿနာဉာဏ်။

**လူတမွတ်** = လူတွင်အမြတ်။

## အပိုဒ် ၄

**အာသယကိန်းဟန်** = ကိန်းအောင်းနေသောအလို။

**အာသယာနုသယဉာဏ်** = သတ္တဝါတို့၏ အလိုကို သိသောဉာဏ်။

**ဣန္ဒြေရင့်မရင့်** = ပါရမီဓာတ်ခံ ရင့်မရင့်။

**ဣန္ဒြိယပရောပရိယတ္တိဉာဏ်** = ကျွတ်ထိုက်သော သတ္တဝါတို့၏ ပါရမီဓာတ်ခံ ရင့်မရင့်ကို သိသောဉာဏ်။

**သဗ္ဗညုတဉာဏ်** = အလုံးစုံကို အကုန်အစင် သိသောဉာဏ်။

**သင်္ခါရ** = အကြောင်းတရားတို့ ပြုပြင်အပ်သည့် ရုပ်နာမ် တရား။

**ဝိကာရ** = ရုပ်နာမ်တရားတို့၏ အခြင်းအရာ။

**လက္ခဏာ** = ရုပ်နာမ်တရားတို့၏ လက္ခဏာ။

**နိဗ္ဗာန်** = ဝဋ်ဆင်းရဲ ငြိမ်းအေးမှု။

**ပညတ်** = ခေါ်ဝေါ်သမုတ်သည့် အမည်အမျိုးမျိုး။

**ဉေယျဓမ်** = သဗ္ဗညုတဉာဏ်ဖြင့် သိအပ်သော တရား ငါးပါး။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်။

**အနာဝရဏဉာဏ်** = အပိတ်အပင် အဆီးအတား မရှိ မြင်သိသော ဉာဏ်။

**ယမိုက်ပြာဋိဟာ** = ရေ၊ မီး၊ အစုံ အစုံ ထွက်စေသော တန်ခိုး။

**ယမကပါဋိဟာရိယဉာဏ်** = ရေ၊ မီး၊ အစုံ အစုံ ထွက်စေသည့် တန်ခိုး ပြာဋိဟာကို ဖြစ်စေတတ်သောဉာဏ်။

**မဟာကရုဏာ** = လွန်စွာကြီးမားသည့် ကရုဏာတော်ကို
**သမာပတ္တိဉာဏ်** ဝင်စားသည့် ဉာဏ်။

**ဆအသာဓာရဏဉာဏ်** = အခြားပုဂ္ဂိုလ်များနှင့် မဆက်ဆံသော မြတ်စွာ ဘုရား၌သာရှိသည့် ဉာဏ်တော်ခြောက်ပါး။

၁- အာသယာနုသယဉာဏ်၊

၂- ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊

၃– သဗ္ဗညုတဉာဏ်၊

၄– အနာဝရဏဉာဏ်၊

၅– ယမကပါဋိဟာရိယဉာဏ်၊

၆– မဟာကရုဏာ သမာပတ္တိဉာဏ်။

**စက္ကြဝဠာ** = ကမ္ဘာလောကဓာတ်။

**သမန္တာရပ်** = ထက်ဝန်းကျင်ရပ်။

**ပသာဒစက္ခု** = ပကတိမျက်စိ၊ ဓမ္မစက္ခုဟုလည်း ဆိုသည်။ အောက်မဂ်ဉာဏ်။

**ဉာဏစက္ခု** = ဉာဏ်မျက်စိ။ အရဟတ္တမဂ်ဉာဏ်။

**ဒိဗ္ဗစက္ခု** = နတ်မျက်စိကဲ့သို့ မြင်သော ဉာဏ်မျက်စိ။

**ဗုဒ္ဓစက္ခု** = အာသယာနုသယဉာဏ်နှင့် ဣန္ဒြိယပရော– ပရိယတ္တိဉာဏ်။

**သမန္တစက္ခု** = သဗ္ဗညုတဉာဏ်။

## အပိုဒ် ၅

**ပလ္လင်** = ဘုရားဖြစ်ရာ အပရာဇိတပလ္လင်။

**အနိမိသ** = ပလ္လင်တော်ကို မမှိတ်သောမျက်စိဖြင့် ခုနစ်ရက်တိုင်တိုင် ရပ်၍ ရှုစားတော်မူရာဌာန။ (အနိမိသ သတ္တာဟ)။

**စင်္ကမ** = ခုနစ်ရက်ပတ်လုံး စင်္ကြံကြွရာဌာန။(စင်္ကမ သတ္တာဟ)။

| | | |
|---|---|---|
| **စတုတ္ထသတ္တာဟ** | = | လေးပတ်မြောက် ရက်သတ္တပတ်။ |
| **ရတနာရွှေအိမ်** | = | ရတနာဃရ သတ္တာဟ။ |
| **အဘိဓမ္မာ ခုနစ်ကျမ်း** | = | ၁–ဓမ္မသင်္ဂဏီ၊ ၂–ဝိဘင်း၊ ၃–ဓာတုကထာ၊ ၄–ပုဂ္ဂလပညတ်၊ ၅–ကထာဝတ္ထု၊ ၆–ယမိုက်၊ ၇–ပဋ္ဌာန်း။ |
| **ဝတ္ထုပြသာဒ်ငြွေ** | = | အထည်ကိုယ်ဒြပ် ဖြစ်သည့် တစ်ကိုယ်လုံး။ |
| **နီလ** | = | အညို။ |
| **ပီတ** | = | အဝါ၊ အရွှေ။ |
| **လောဟိတ** | = | အနီ။ |
| **ဩဒါတ** | = | အဖြူ။ |
| **မဥ္ဇိဋ္ဌ** | = | အနီနု။ |
| **ပဘဿရ** | = | ပြိုးပြိုးပြက်။ |
| **ဂီဝါ** | = | ရွှေ။ |
| **သာခွာ** | = | ဘော်ငွေ။ |

## အပိုဒ် ၆

| | | |
|---|---|---|
| **ပရိဗိုဇ်** | = | သာသနာ့ပြင်ဘက် ရဟန်းတစ်မျိုး။ |
| **တက္ကတွန်း** | = | သာသနာ့ပြင်ဘက် ရဟန်းတစ်မျိုး။ |
| **မုနေ့** | = | သူမြတ်။ |
| **အရည်း** | = | ရသေ့ရဟန်း။ |

**ဦးပြည်း** = ခေါင်းတုံးရိတ်ထားသော ရသေ့ရဟန်း။

**တပသီ** = ရသေ့တစ်မျိုး။

**ဗေရာဂီ** = သာသနာပ ရသေ့တစ်မျိုး။

**ဝါဒီ** = အယူဝါဒရှိသူ။

**စရိုက်ဘာဝ** = အပြုအမူအလေ့အကျင့်။

**သာသနာ့ဗာဟီ** = သာသနာတော်ပြင်ဘက်။

**အဓိသီလ** = လွန်ကဲသောသီလ။

**အာပတ်ခုနစ်ပုံ** = ၁–ပါရာဇိက၊ ၂–သံဃာဒိသေသ်၊ ၃–ထုလ္လစ္စဥ်း၊ ၄–ပါစိတ်၊ ၅–ပါဋိဒေသနီ၊ ၆–ဒုက္ကဋ်၊ ၇–ဒုဗ္ဘာသီ။

**ပါတိမောက္ခသံဝရ** = ရဟန်းကျင့်ဝတ် ပါတိမောက် သိက္ခာပုဒ်ကို စောင့်စည်းခြင်း။

**ဣန္ဒြေခြောက်ပါး** = မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။

**ဣန္ဒြိယသံဝရ** = ဣန္ဒြေခြောက်ပါးကို စောင့်စည်းခြင်း။

**မိစ္ဆာဇီဝ** = တရားနှင့်မညီသော အသက်မွေးခြင်း။

**အာဇီဝပါရိသုဒ္ဓိသီလ** = သက်မွေးဝမ်းကြောင်း စင်ကြယ်မှု၊

**ပစ္စဝေက္ခဏာ** = ဆင်ခြင်သုံးသပ်ခြင်း။

**ပစ္စယသန္နိဿိတသီလ** = ပစ္စည်းလေးပါးကို ဆင်ခြင်၍ မှီဝဲခြင်း။

**စတုပါရိသုဒ္ဓိသီလ** = အလွန်စင်ကြယ်သော သီလလေးပါး။

၁–ပါတိမောက္ခ သံဝရသီလ၊

၂–ဣန္ဒြိယသံဝရသီလ၊

၃–အာဇီဝပါရိသုဒ္ဓိသီလ၊

၄–ပစ္စယသန္နိဿိတသီလ၊

**သီလဝိသုဒ္ဓိ** = သီလစင်ကြယ်မှု။

**မဟဂ္ဂုတ်** = ရူပ၊ အရူပ။

**စိတ္တဝိသုဒ္ဓိ** = စိတ်စင်ကြယ်မှု။

**မိစ္ဆာဝါဒီ** = ဖောက်ပြန်သော အယူရှိသူ။

## ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိဝါဒ

၁။ ပုဗ္ဗန္တ ကပ္ပိက (ပုဗ္ဗန္တာနုဒိဋ္ဌိ)ဝါဒ ၁၈–မျိုး။

ပုဗ္ဗ+အန္တ=ရှေးအတိတ်က ဖြစ်ခဲ့သော တရားစု(အကြောင်းအရာ)ကို+ကပ္ပိက=ကြံစည်စဉ်းစားသူတို့၏+ဝါဒ=အပြောအဆို အယူအဆ။

၂။ အပရန္တ ကပ္ပိက (အပရန္တာနုဒိဋ္ဌိ)ဝါဒ ၄၄–မျိုး။

အပရ+အန္တ=နောက်အနာဂတ်+တရားစုကို+ကပ္ပိက=ကြံစည်လေ့၊ စဉ်းစားလေ့၊ တွေးတောလေ့ရှိသူ။

### ၁။ ပုဗ္ဗန္တ ကပ္ပိက ဝါဒ ၁၈–မျိုး

### ၁–က။ သဿတဝါဒ ၄–မျိုး။

သဿတ=သတ္တဝါတို့ သန္တာန်၌ အတ္တရှိ၏။ ထိုအတ္တသည် ဘယ်အခါမျှ မပျက်စီးဘဲ မြဲ၏ဟု ယူဆသော အယူဝါဒ။

### ၁–ခ။ ဧကစ္စသဿတဝါဒ ၄–မျိုး။

ဧကစ္စ=အချို့+သဿတ=မြဲ၏။ ဧကစ္စ အသဿတ= အချို့မမြဲ။

### ၁–ဂ။ အန္တာနန္တဝါဒ ၄–မျိုး။

အန္တ=လောကကြီးအဆုံးရှိ၏။ အနန္တ=လောကကြီး အဆုံးမရှိ။

အန္တာနန္တဝါဒ=လောကကြီး အဆုံးလည်းရှိ၊ အဆုံးလည်းမရှိဟူသော အယူဝါဒ။

## ၁–ဃ။ အမရာ ဝိက္ခေပဝါဒ ၄–မျိုး။

အမရာဝိက္ခေပ= မပြီးပြတ်နိုင်သော အယူ။ စိတ်ထဲ၌ ထိုအယူရှိသည့် အတိုင်း ပြောအပ်သောစကားကို ‘အမရာ’ဟု ခေါ်၏။ ဝိက္ခေပ=ဝိ+ခေပ= အမျိုးမျိုးအဖုံဖုံပြော၍ + ဖယ်ရှားရှောင်တိမ်းခြင်း။ (တစ်နည်း) အမရာမည်သော ငါးတစ်မျိုးရှိ၏၊ ထိုငါးသည် ငုပ်လိုက်ပေါ်လိုက်နှင့် ပြေးသွားကာ အရှောင်အတိမ်း ကောင်းလှသောကြောင့် ဖမ်း၍မမိနိုင်၊ ထိုငါးနှင့်တူသော အယူစကားကိုလည်း ‘အမရာဝိက္ခေပ’ဟု ခေါ်သည်။

## ၁–င။ အဓိစ္စ သမုပ္ပန္နဝါဒ ၂–မျိုး။

အဓိစ္စသမုပ္ပန္န။ အဓိစ္စ=အကြောင်းတစ်စုံတစ်ရာကို မစွဲမှီဘဲ (အကြောင်း မရှိဘဲ) + သမုပ္ပန္န= ဖြစ်သည်။ အတ္တသည် ဘာကြောင့်မှ ဖြစ်လာရသည် မဟုတ်၊ သူဖြစ်ချင်လို့ ဖြစ်သည်ဟူသော အယူကို အဓိစ္စသမုပ္ပန္နဟု ခေါ်သည်။

## ၁–က။ သဿတဝါဒ ၄–မျိုး

(က) ဘဝပေါင်းများစွာကို ကိုယ်တိုင်သိမြင်သဖြင့် အတ္တသည် မြဲ၏။

(ခ) ဆယ်ကမ္ဘာအထိ ကိုယ်တိုင်သိမြင်သဖြင့် အတ္တသည် မြဲ၏။

(ဂ) ကမ္ဘာလေးဆယ်အထိ ကိုယ်တိုင်သိမြင်သဖြင့် အတ္တသည် မြဲ၏။

(ဃ) ကိုယ်တိုင်မသိ၊ တွေးတောကြံဆ၍ အတ္တသည် မြဲ၏။ (တက္ကီပုဂ္ဂိုလ်)

[ဘဝပေါင်းများစွာ ဆက်ကာ ဆက်ကာ ဖြစ်ရာဝယ် ခန္ဓာအိမ်သာ တစ်မျိုး ပြီးတစ်မျိုး ပြောင်းလဲရ၏။ အတ္တ (ငါ)ကား မပြောင်းလဲ။ ခန္ဓာအိမ်၌ မပျက်မစဲ အမြဲတည်သောအတ္တသည် ကေန်ရှိ၏။ ဤသို့ယူဆသူများ ဖြစ်ကြသည်။]

## ၁–ခ။ ကေစ္စသဿတဝါဒ ၄–မျိုး

(က) လောကကိုဖန်ဆင်းသော ဗြဟ္မာကြီးသည် မြဲ၏။ မိမိတို့ကား မမြဲ။
[ဣဿရနိမ္မာနဝါဒ = ဖန်ဆင်းဝါဒ]

(ခ) အပျော်အပါးများသော (ခိဍ္ဍာပဒေါသိက) နတ်တို့သည်မမြဲ။ အပျော်အပါးမများသော နတ်တို့သည်မြဲ၏။

ခိဍ္ဍာ=မြူးထူးပျော်ပါးမှုများသဖြင့်။ ပဒေါသ =ပျက်စီးရသောနတ်။

(ဂ) ဒေါသကြီးသော (မနောပဒေါသိက) နတ်တို့သည်မမြဲ၊ ဒေါသမကြီးသောနတ်တို့သည်မြဲ၏။

[**မန** = ဒေါသစိတ်ကြောင့်။ ပဒေါသ = စုတေပျက်စီးရသူ။]

(ဃ) ရုပ်သည် မမြဲ၊ စိတ်သည်မြဲ၏။ (တက္ကီပုဂ္ဂိုလ်)

[သူကား လွန်လေပြီးသောအတိတ်ဘဝကို မမြင်။ ပစ္စုပ္ပန်ဘဝပေါ်တွင် အချို့မြဲ၍ အချို့မမြဲဟု စဉ်းစားသူဖြစ်သည်။]

## ၁–ဂ။ အနန္တာနန္တဝါဒ ၄–မျိုး

(က) လောကကြီး အဆုံးရှိ၏။ (အန္တဝါဒ)

(ခ) လောကကြီး အဆုံးမရှိ။ (အနန္တဝါဒ)

(ဂ) လောကကြီး အဆုံးလည်းရှိ။ အဆုံးလည်းမရှိ။ (အနန္တာနန္တဝါဒ)။

(ဃ) လောကကြီး အဆုံးလည်းမဟုတ်၊ အဆုံးမရှိလည်းမဟုတ်၊ (နေဝအန္တာနာနန္တဝါဒ) (တက္ကီပုဂ္ဂိုလ်)

[မိမိတို့၏ ပထဝီကသိုဏ်းအားလျော်စွာ ထင်မြင်ယူဆချက်များဖြစ်၏။]

## ၁–ဃ။ အမရာဝိက္ခေပဝါဒ ၄–မျိုး

(က) မုသားကြောက်၍ စကားကို ဖယ်ရှားတိမ်းရှောင်၏။

(ခ) စွဲလမ်းမှု ဥပါဒါန်ကြောက်၍ ဖယ်ရှားတိမ်းရှောင်၏။

(ဂ) ပညာရှိများ စစ်ဆေးမည်ကို ကြောက်၍ ဖယ်ရှားတိမ်းရှောင်၏။

(ဃ) ညံ့ဖျင်း ထုံ,အခြင်းကြောင့် ဖယ်ရှားတိမ်းရှောင်၏။

[အမရာဝိက္ခေပ လေးမျိုးလုံး၌ သူတစ်ပါးကမေးသည်ကို မသိ၍ ရှောင်လွှဲနေရခြင်းသာဖြစ်၍ ဘယ်နည်းဖြင့် မိစ္ဆာအယူဖြစ်နိုင်သနည်းဟု မေးဖွယ်ရှိ၏။ ရှောင်လွှဲနေရုံဖြင့် မိစ္ဆာအယူ မဖြစ်ချေ။ ''ငါ့မှာ မုသားဖြစ်လိမ့်မည်။ ငါ့မှာ ဥပါဒါန် ဖြစ်လိမ့်မည်။ ငါ့ကို စစ်ဆေးကြလိမ့်မည်''ဟု ငါဟူသော အတ္တစွဲရှိ၏။ ထိုသို့ အတ္တစွဲ အရင်းခံ၍ ဖြစ်ပေါ်လာသော အယူဝါဒဖြစ်သောကြောင့် ရှေးပုဂ္ဂိုလ် သုံးမျိုးကို မိစ္ဆာဒိဋ္ဌိအယူရှိသူဟု ဆိုရမည်။ စတုတ္ထပုဂ္ဂိုလ်ကား မောဟကြီးသဖြင့် ကုသိုလ် အကုသိုလ်မှန်း လုံးဝမသိ။ ထိုသို့မသိသည်ကို မသိရိုးမနေဘဲ ရှောင်လွှဲ၍ ဖြေဆိုမှုကိုပင် အကောင်းဟု စွဲစွဲမြဲမြဲ သဘောကျသော အယူတစ်မျိုးဖြစ်၏။ ထိုအယူကိုပင် မှားသောအယူ (မိစ္ဆာဒိဋ္ဌိ) တစ်မျိုးဟု ဆိုရမည်။]

## ၁–င။ အဓိစ္စသမုပ္ပန္န ၂–မျိုး

(က) အသညသတ်ဘုံမှ စုတေခဲ့သူ၏ အယူဝါဒ။

[သညာ (ဝါ) စိတ်မရှိသော သတ္တဝါတို့နေရာ ဘုံရောက်လာသူဖြစ်သည်။ သူသည် လူ့ဘုံရောက်မှ သညာကို စတွေ့ရသည်။ သို့ကြောင့် အတ္တသည် လည်းကောင်း၊ လောကသည်လည်းကောင်း အကြောင်းမရှိဘဲ ဖြစ်၏ဟုယူဆ၏။]

(ခ) တက္ကီပုဂ္ဂိုလ်၏ အယူအဆ။

[ထိုသူကား လောကသည်လည်းကောင်း၊ အတ္တသည်လည်းကောင်း အကြောင်းမရှိဘဲ သူဖြစ်ချင်သလို ဖြစ်၏ဟု ကြံဆပြောပြသူဖြစ်သည်။]

ရှေးအတိတ်အကြောင်းအရာအစုကို ကြံစည်တတ်၊ အစဥ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော သူတို့သည် ရှေးအတိတ်အကြောင်းအရာစုကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ဖို့ရန် အခြေခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သော အကြောင်း ၁၈–မျိုးတို့ဖြင့် စွဲမြဲစွာ ပြောဆိုတတ်ကြ၏။

## ၂။ အပရန္တကပ္ပိကဝါဒ ၄၄–မျိုး

၂–က။ ဥဒ္ဓမာဃာတနိက သညီဝါဒ ၁၆–မျိုး

[အာဃာတန = သေခြင်း = (သေရာကာလ) + ဥဒ္ဓ = အထက် (နောက်) သေပြီးနောက် အတ္တအကြောင်းအရာကို ပြောဆိုလေ့ရှိသူများကို ''ဥဒ္ဓမာဃာတနိက'' ဟု ခေါ်၏။]

၂–ခ။ ဥဒ္ဓမာဃာတနိက အသညီဝါဒ ၈–မျိုး။

၂–ဂ။ ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ ၈–မျိုး။

၂–ဃ။ ဥစ္ဆေဒဝါဒ ၇–မျိုး။

## ၂–က။ ဥဒ္ဓမာဃာတနိက သညီဝါဒ ၁၆–မျိုး

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာလည်းရှိ၏။

(ခ) အတ္တသည် ရုပ်သဘောမရှိ၊ သေပြီးနောက် ပျက်စီးခြင်းသဘောမရှိ၊ သညာလည်းရှိ၏။

(ဂ) အတ္တသည် ရုပ်သဘော အရှိလည်းဟုတ်၏။ ရုပ်သဘောမရှိလည်း ဟုတ်၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဃ) အတ္တသည် ရုပ်သဘောရှိသည်လည်းမဟုတ်။ ရုပ်သဘော မရှိသည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(င) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(စ) အတ္တသည် အဆုံးအပိုင်းအခြားမရှိ၊ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(ဆ) အတ္တသည် အဆုံးရှိလည်းဟုတ်၏၊ အဆုံးမရှိလည်းဟုတ်၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(ဇ) အတ္တသည် အဆုံးရှိလည်းမဟုတ်၊ အဆုံးမရှိလည်းမဟုတ်၊သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(ဈ) အတ္တသည် တစ်မျိုးတည်းသော သညာရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(ည) အတ္တသည် အမျိုးမျိုးသညာရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(ဋ) အတ္တသည် သေးငယ်သော သညာရှိ၏၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ သညာရှိ၏။

(ဌ) အတ္တသည် အတိုင်းအရှည် မရှိလောက်အောင် ကြီးကျယ်သော သညာရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(ဍ) အတ္တသည် စင်စစ် သုခရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(ဎ) အတ္တသည် စင်စစ် ဒုက္ခရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊

(ဏ) အတ္တသည် သုခ၊ ဒုက္ခနှစ်မျိုးလုံးရှိ၏၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ သညာရှိ၏။

(တ) အတ္တသည် အဒုက္ခမသုခ (ဥပေက္ခာ)ရှိ၏၊ သေပြီးနောက် ပျက်စီး ခြင်းမရှိ၊ သညာရှိ၏။

[ဥဒ္ဓမာဃာတန အယူအဆ သညီဝါဒ ရှိကုန်သောသူတို့သည် ဤ ၁၆–ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာရှိသည်ဟု ယူဆကြလေသည်။]

## ၂-ခ။ ဥဒ္ဒမာဃာတနိက အသညီဝါဒ ၈-မျိုး

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေပြီးနောက် မြဲ၏။ သညာမရှိ။

(ခ) အတ္တသည် ရုပ်သဘောမရှိ၊ သေပြီးနောက်မြဲ၏။ သညာမရှိ။

(ဂ) အတ္တသည် ရုပ်သဘောအရှိလည်း ဟုတ်၏။ ရုပ်သဘောမရှိလည်း ဟုတ်၏။ သေပြီးနောက်မြဲ၏။

(ဃ) အတ္တသည် ရုပ်သဘောရှိသည်လည်းမဟုတ်။ ရုပ်သဘောမရှိလည်း မဟုတ် သေပြီးနောက်မြဲ၏။ သညာမရှိ။

(င) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။ သေပြီးနောက် မြဲ၏။ သညာမရှိ။

(စ) အတ္တသည် အဆုံးအပိုင်းအခြားမရှိ။

(ဆ) အတ္တသည် အဆုံးလည်းရှိ၊ အဆုံးလည်း မရှိ။

(ဇ) အတ္တသည် အဆုံးရှိလည်းမဟုတ်။ အဆုံးမရှိလည်းမဟုတ်။ သေပြီးနောက် မြဲ၏။ သညာမရှိ။

[ဥဒ္ဒမာဃာတနိက အသညီဝါဒရှိသော သူတို့သည် ဤရှစ်ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာမရှိဟု ယူဆကြ၏။]

## ၂-ဂ။ ဥဒ္ဒမာဃာတနိက နေဝသညီနာသညီဝါဒ ၈-မျိုး

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေပြီးနောက် မြဲ၏။ သညာရှိလည်း မဟုတ်။ သညာမရှိလည်း မဟုတ်။

(ခ) အတ္တသည် ရုပ်သဘောမရှိ။

(ဂ) အတ္တသည်ရုပ်သဘောလည်းရှိ၏။ ရုပ်သဘောလည်းမရှိ။

(ဃ) အတ္တသည် ရုပ်သဘောအရှိလည်းမဟုတ်။ ရုပ်သဘောမရှိလည်း မဟုတ်။

(င) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။

(စ) အတ္တသည် အဆုံးအပိုင်းအခြားမရှိ။

(ဆ) အတ္တသည် အဆုံးလည်းရှိ။ အဆုံးလည်းမရှိ။

(ဇ) အတ္တသည် အဆုံးရှိလည်း မဟုတ်။ အဆုံးမရှိလည်း မဟုတ်။ သေပြီးနောက်မြဲ၏။ သညာရှိလည်းမဟုတ်။ သညာမရှိလည်း မဟုတ်။

[ဥဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒရှိသော သူတို့သည် ဤရှစ်ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာရှိလည်း မဟုတ်၊ သညာ မရှိလည်း မဟုတ်ဟု ယူဆကြ၏။]

## ၂-ဃ။ ဥစ္ဆေဒဝါဒ ၇-မျိုး

[သတ္တဝါသည် သေလျှင် အသက်မရှိ၊ ပြတ်စဲတော့၏ ဟူသောအယူကို ဥစ္ဆေဒဝါဒဟု ခေါ်သည်။]

(က) ခန္ဓာကိုယ် ပျက်စီးလျှင် အတ္တလည်း ပြတ်စဲပျောက်ပျက်၏၊ သေပြီးနောက် ဘာမျှ မဖြစ်တော့ချေ။

(ခ) လူ့ဘဝတစ်ဘဝမျှဖြင့် ဤအတ္တသည် မပြတ်စဲသေး၊ နတ်ဖြစ်ပြီးနောက်မှ အဆက်မရှိ ပြတ်စဲတော့၏။ ဘာမျှထပ်၍ မဖြစ်တော့ချေ။

(ဂ) နတ်ဘဝဖြင့် ဤအတ္တသည် မပြတ်စဲသေး။ ဗြဟ္မာဖြစ်ပြီးနောက်မှ အဆက်မရှိ ပြတ်စဲတော့၏။ ဘာမျှထပ်၍ မဖြစ်တော့ချေ။

(ဃ) အာကာသာနဉ္စာယတန ဘုံသို့ရောက်မှ အတ္တသည် ပြတ်၏။

(င) ဝိညာဏဉ္စာယတနဘုံသို့ရောက်မှ အတ္တာသည် ပြတ်၏။

(စ) အာကိဉ္စညာယတနဘုံသို့ ရောက်မှ အတ္တာသည် ပြတ်၏။

(ဆ) နေဝသညာနာသညာယတနဘုံသို့ရောက်မှ အတ္တာသည် ပြတ်၏။

[ဉစ္ဆေဒ အယူရှိကုန်သော သူတို့သည် ဤ ၇–မျိုးသော အကြောင်းပြချက်တို့ဖြင့် ထင်ရှားရှိသော သတ္တဝါတို့၏ ပြတ်စဲပျက်စီး ကင်းပျောက်ခြင်းကို ပြောဆိုကြ၏။]

## ၂–င။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅–မျိုး

[လက်ရှိခန္ဓာကိုယ်၌ ဒုက္ခကင်း၍ ချမ်းသာစွာ နေရခြင်းကို **ဒိဋ္ဌဓမ္မ–နိဗ္ဗာန** = လောကီနိဗ္ဗာန်ဟု ခေါ်သည်။]

(က) ကာမဂုဏ်ငါးမျိုးဖြင့် တင့်တယ်စံပယ်လျက် ခံစား စံစားရခြင်းသည် သတ္တဝါ၏ မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ဖြစ်၏။

(ခ) ပထမစျာန်ကိုရသည့်အခါ အတ္တာသည် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန် သို့ ရောက်၏။

(ဂ) ဒုတိယစျာန်ကို ရသည့်အခါ အတ္တာသည် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန် သို့ ရောက်၏။

(ဃ) တတိယစျာန်သို့ရသည့်အခါမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်။

(င) စတုတ္ထစျာန်ကို ရသည့်အခါမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်။

[ဤငါးမျိုးသော အကြောင်းပြချက်တို့ဖြင့် ထင်ရှားရှိသော သတ္တဝါတို့၏ မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကို ပြောဆိုယူဆကြသည်။]

နောက်အနာဂတ် အကြောင်းအရာအစုကို ကြံစည်တတ် ယူဆတတ်သော သူတို့သည် ဤပြခဲ့သော အကြောင်း ၄၄–မျိုးတို့ဖြင့် စွဲမြဲစွာ ပြောဆိုကြ၏။

ဤသို့လျှင် ရှေးအတိတ်ကဖြစ်ခဲ့သော အကြောင်းအရာများကို ကြံစည်စဉ်းစားသူတို့၏ အယူအဆ ဝါဒ ၁၈–မျိုးနှင့် နောက်အနာဂတ် အကြောင်းအရာကို ကြံစည်စဉ်းစားသူတို့၏ အယူအဆဝါဒ ၄၄–မျိုးအားဖြင့် (၆၂)ပါးသော ဒိဋ္ဌိဝါဒတို့ ဖြစ်သတည်း။

[ဤ ၆၂–ပါးသော ဒိဋ္ဌိတို့ကြောင့် အကျယ်ကို မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီး ပြုစုတော်မူသော သမန္တစက္ခုဒီပနီကျမ်း ပထမစာအုပ်တွင် အလွယ်ကြည့်နိုင်ပါသည်။ မူရင်းကျကျ လေ့လာလိုပါက ဗြဟ္မဇာလသုတ်တွင် ကြည့်ရှုကြပါကုန်။ ဤမှတ်ချက်ကိုမူ ဗြဟ္မဇာလသုတ်မှ အကျဉ်းချုပ်ကောက်နုတ်ခြင်းဖြစ်ပါသည်။]

**ဝိတဏ္ဍီ** = ဆန့်ကျင်သော အယူရှိသူ။

**ဒိဋ္ဌိဝိသုဒ္ဓိ** = အယူအမြင် စင်ကြယ်မှု။

**ကင်္ခါဝိတရဏဝိသုဒ္ဓိ** = တစ်ဆယ့်ခြောက်ပါးသော ယုံမှား သက်ာကို လွန်မြောက်သောဉာဏ်၏ စင်ကြယ်မှု။

**တစ်ဆယ့်ခြောက်ပါးသော** = ယုံမှားခြင်း တစ်ဆယ့်ခြောက်ပါး။

**ယုံမှားသက်ာ**

၁။ ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့သလော။

၂။ ငါသည် အတိတ်ကာလ၌ မဖြစ်ခဲ့သလော။

၃။ ငါသည် အတိတ်ကာလ၌ အဘယ်သို့သော သူဖြစ်ခဲ့သနည်း။

၄။ ငါသည် အတိတ်ကာလ၌ အဘယ်သို့ ဖြစ်ခဲ့သနည်း။

၅။ ငါသည် အတိတ်ကာလ၌ အဘယ်သူ ဖြစ်ပြီးနောက် အဘယ်သူဖြစ်ခဲ့သနည်း။

၆။ ငါသည် အနာဂတ် ကာလ၌ ဖြစ်လတ္တံ့လော။

၇။ ငါသည် အနာဂတ်ကာလ၌ မဖြစ်လတ္တံ့လော။

၈။ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း။

၉။ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့ ဖြစ်လတ္တံ့နည်း။

၁၀။ ငါသည်အနာဂတ်ကာလ၌ အဘယ်သူဖြစ်ပြီးနောက် အဘယ်သူ ဖြစ်လတ္တံ့နည်း။

၁၁။ ငါသည် ဟုတ်ပါလေ၏လော။

၁၂။ ငါသည် မဟုတ်လေသလော။

၁၃။ ငါ ဘယ်သူဖြစ်သနည်း။

၁၄။ ငါ အဘယ်သို့ ဖြစ်သနည်း။

၁၅။ ငါသည် အဘယ်မှ လာသနည်း။

၁၆။ ငါသည် အဘယ်သို့ သွားလတ္တံ့နည်း။

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ** = မဂ်ဟုတ်မဟုတ်သိမြင်နိုင်သော ဉာဏ်အမြင် စင်ကြယ်မှု။

**ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** = မဂ်ရောက်ကြောင်း ကျင့်စဉ်ကို သိမြင်သော ဉာဏ်စင်ကြယ်မှု။

**သဟဇာတ်** = တကွဖြစ်သော။

**သမ္ပယုတ်** = အတူယှဉ်သော။

| | | |
|---|---|---|
| **သစ္စာလေးတန်ကို ဆယ်ခြောက်နက်ဝေဖန်၍** | = | သစ္စာအနက် ဆယ့်ခြောက်ချက်။ |
| **ဉာဏဒဿနဝိသုဒ္ဓိ** | = | သစ္စာလေးပါးအမှန်တရားကို သိမြင်သော ဉာဏ်အမြင်စင်ကြယ်မှု။ |
| **တဒင်္ဂဝိမုတ္တိ** | = | ကာမကုသိုလ်ဖြင့်ကိလေသာမှ အခိုက်အတန့်မျှ လွတ်မြောက်မှု။ |
| **ဝိက္ခမ္ဘနဝိမုတ္တိ** | = | မဟဂ္ဂုတ်ကုသိုလ်ဖြင့် ကိလေသာကို ပယ်ခွာ လွတ်မြောက်မှု။ |
| **သမုစ္ဆေဒဝိမုတ္တိ** | = | ဖိုလ်ဖြင့် ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်မှု။ |
| **ပဋိစ္ဆေဒဝိမုတ္တိ** | = | မဂ်ဖြင့် ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်မှု။ |
| **ပဋိပဿမ္ဘနဝိမုတ္တိ** | = | ဖိုလ်ဖြင့် ကိလေသာမှ ထပ်မံ လွတ်မြောက်မှု။ |
| **နိဿရဏဝိမုတ္တိ** | = | ကိလေသာမှ လုံးဝလွတ်မြောက်မှု။ |
| **အာဂါရမုနိ** | = | လူဝတ်ကြောင်သူမြတ်။ |
| **အနာဂါရမုနိ** | = | ရဟန်းသူမြတ်။ |
| **သေက္ခမုနိ** | = | အရိယာပုဂ္ဂိုလ် ခုနစ်ယောက်။ |
| **အသေက္ခမုနိ** | = | ရဟန္တာပုဂ္ဂိုလ်။ |
| **ပစ္စေကမုနိ** | = | ပစ္စေကဗုဒ္ဓါ။ |
| **မုနိန္ဒာဘိပဝရ** | = | မုနိငါးပါးတို့ထက်မြတ်သော။ |
| **အတုလမုနိ** | = | အတုမရှိသော မြတ်စွာဘုရား။ |

## အပိုဒ် ၇

| | | |
|---|---|---|
| ဂင်္ဂါဝါဠု | = | ဂင်္ဂါမြစ်တွင်းရှိ သဲများ။ |
| အနန္တဂူ | = | အဆုံးမရှိသော နိဗ္ဗာန်သို့ရောက်တော်မူသော။ |
| သီလသံဝရ | = | သီလစောင့်ခြင်း။ |
| ဣန္ဒြိယသံဝရ | = | ဣန္ဒြေခြောက်ပါး စောင့်စည်းခြင်း။ |
| ဘောဇနမတ္တညုတာ | = | ဘောဇဉ်၌ အတိုင်းအရှည်သိခြင်း။ |
| ဇာဂရိယာနုယောဂ | = | နိုးကြားခြင်းနှင့် ယှဉ်ခြင်း။ |
| သဒ္ဓါ | = | ရတနာသုံးပါး၊ ကံနှင့် အကျိုးကို ယုံကြည်ခြင်း။ |
| သတိ | = | တရားမမေ့ခြင်း။ |
| ဟိရီ | = | မကောင်းမှုကို ရှက်ခြင်း။ |
| ဩတ္တပ္ပ | = | မကောင်းမှုကို ကြောက်ခြင်း။ |
| ဗာဟုသစ္စ | = | အကြားအမြင်များခြင်း။ |
| ဝီရိယ | = | လုံ့လရှိခြင်း။ |
| ပညာ | = | အသိဉာဏ်ရှိခြင်း။ |
| လေးဖြာစျာန် | = | ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်ဟူသော စျာန်လေးပါး။ |
| စရဏတရား | = | အကျင့်တရား။ |
| နာနာကုလ | = | လူမျိုးအသီးသီး။ |
| ဝေါဟာရသဒ္ဒါ | = | ဘာသာစကား။ |

**အတ္တပဋိသမ္ဘိဒါ** = အနက်ကိုခွဲခြမ်း၍ သိသောဉာဏ်။
**ဝါစာဂီရတ်** = နှုတ်ထွက်စကား။
**ဓမ္မပဋိသမ္ဘိဒါ** = ဓမ္မကို ခွဲခြမ်း၍ သိသောဉာဏ်။
**ဝိဂြိုဟ်ဝစနတ်** = ပုဒ်၏ အနက်ရင်း။
**ဓာတ်** = ပုဒ်၏ရင်းမြစ်။
**ပစ္စည်း** = ပုဒ်၏ နောက်ဆက်စကား။
**လိင်** = ပုဒ်၏ ဣတ္ထိလိင်၊ ပုလ္လိင်။
**အန်** = ပုဒ်၏ အဆုံး။
**နိရုတ္တိပဋိသမ္ဘိဒါ** = သဒ္ဒါနည်းကို ခွဲခြမ်း၍ သိသောဉာဏ်။
**သဒ္ဒါပညတ်** = ဝေါဟာရစကားအဖြစ်။
**ပဋိဘာနပဋိသမ္ဘိဒါ** = ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်။
**ဣန္ဒြိဝိဓ** = တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်း။
**စေတောပရိယ** = သူတစ်ပါး၏စိတ်ကို သိသောဉာဏ်။
**ယထာကမ္မူပဂ** = ကံအတိုင်းဖြစ်နေကြသော (သတ္တဝါတို့ကို မြင်သောဉာဏ်)
**အနာဂတံသ** = နောင်ဖြစ်လတ္တံ့ကို မြင်သောဉာဏ်။
**ရူပဈာန်လေးရပ်** = ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်။
**အရူပဈာန်လေးရပ်** = အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝ–သညာနာသညာယတန။

| | | |
|---|---|---|
| **ကျေးဇူးတော်<br>တစ်ဆယ့်ရှစ်ပါး** | = | အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့၌ မပိတ်မပင်သော ဉာဏ်ရှိတော်မူသည့် သုံးပါး။ |
| | | ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ဉာဏ်တော်လျှင် ပြဋ္ဌာန်း၏။ |
| | | ဉာဏ်တော်သို့ အစဉ်လိုက်၏။ |
| | | သုံးပါးပေါင်းသော် ခြောက်ပါး။ ဆန္ဒ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ တို့၏ ယုတ်လျော့ခြင်းမရှိ။ |
| | | ပေါင်းသော် တစ်ဆယ့်နှစ်ပါး။ မြူးထူး ခြင်းမရှိ၊ မြူးထူးလိုသော စကားမရှိ၊ ချွတ်ယွင်းသည်မရှိ၊ အဆောတလျင် ပြုသော အမှုမရှိ၊ ကြောင့်ကြခြင်းမရှိ၊ ပေါင်းသော် တစ်ဆယ့်ရှစ်ပါး။ |
| **အံ့ဖွယ်တစ်ဆယ့်ရှစ်စုံ** | = | ၁၊ သက်န်းတော်သည် ဖွပ်ရ၊ ဆိုးရ ခြင်းမရှိ၊ နွမ်းရိခြင်း မရှိ။ |
| | | ၂၊ ဆံတော်သည် တောထွက်စ,က ဖြတ်သည့်တိုင်း အသက်တော်ပတ်လုံး လက်နှစ်သစ်မျှသာ ရှိခြင်း။ |
| | | ၃၊ ပရိက္ခရာရှစ်ပါးကို ဆောင်ယူတော် မူသော်လည်းကိုယ်နှင့်မထိခြင်း။ |
| | | ၄၊ သပိတ်တော် ဆေးလျှင် လက်တော် စင်နှင့်၍ လက်တော်ဆေးလျှင် သပိတ် တော်စင်နှင့်ခြင်း။ |

၅၊ မုန်ညင်းသီးခွံတည်းဟူသောကြုတ်ထဲသို့ ဝင်တော်မူနိုင်ခြင်း။

၆၊ ရောင်ခြည်တော်လွှတ်လျှင် အရပ်ဆယ်မျက်နှာတိုင်အောင်နှံ့ခြင်း။

၇၊ ကိုယ်တော်ကို အသိန်းအသန်းဖန်ဆင်း၍ သတ္တဝါကို ချွတ်နိုင်ခြင်း။

၈၊ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်သုံးပါး၌ အမိုက်ကိုလည်းကောင်း၊ အလင်းကိုလည်းကောင်းဖန်ဆင်းနိုင်ခြင်း။

၉၊ ကိုယ်တော်ကို အထက်ကောင်းကင်သို့ ရောက်အောင် လဝန်းပေါ်သကဲ့သို့ မြှင့်နိုင်ခြင်း။

၁၀၊ သန့်ရှင်းသော၊ သာယာသော၊ သိလွယ်သော၊ နာချင်ဖွယ်သော၊ ပျံ့သော၊ လုံးသော၊ နက်နဲသော၊ ပဲ့တင်ထပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ဟောတော်မူသည့် တရားတော်သည် ပရိသတ်ရှိလေရာရာ ကြားနိုင်ခြင်း။

၁၁၊ လူနတ်တို့၏စိတ်ကို သိနိုင်သော အာသယာနုသယဉာဏ်။

၁၂။ ကျွတ်အံ့သော သတ္တဝါတို့ကို သိတော်မူနိုင်သော မဟာကရုဏာ သမာပတ္တိဉာဏ်။

၁၃။ ဤသူကား နက်ဖြန် ကျွတ် လတ္တံ့၊ ဤသူကား သန်ဘက်ခါ ကျွတ်လတ္တံ့ စသည်ဖြင့် သိနိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်။

ဉေယျဓမ်တရားငါးပါး။

ပေါင်း ၁၈ ပါး။

## အပိုဒ် ၈

**ဒေဝပုတ္တမာရ်** = မာရ်နတ်။

**ကိလေသမာရ်** = ကိလေသာဆယ်ပါး။

**ခန္ဓမာရ်** = ခန္ဓာငါးပါး။

**မစ္စုမာရ်** = သေခြင်းတရား။

**အဘိသင်္ခါရမာရ်** = ပြုပြင်စီရင်မှု။

**သတိပဋ္ဌာန်** = သတိတည်ဆောက်မှု။

**သမ္မပ္ပဓာန်** = ကောင်းစွာအားထုတ်မှု။

**ဣဒ္ဓိပါဒ်** = မဟဂ္ဂုလ် လောကုတ္တရာ တရားထူးတို့ ဖြစ်ပေါ်ပြီးခြင်း၏ အခြေပါဒ ဖြစ်သော တရား။

**ဣန္ဒြေ** = မိမိတို့ဆိုင်ရာကိစ္စ၌ အစိုးရမှုရှိသော တရား။

**ဗိုလ်** = ဆန့်ကျင်ဘက် တရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိ ခိုင်ခံ့အားကောင်းသောတရား။

**ဗောဇ္ဈင်** = မဂ်ဉာဏ်ဟူသော ဗောဓိ၏ အစိတ်အင်္ဂါဖြစ်သော တရား။

**မဂ္ဂင်** = မဂ်၏ အစိတ်အင်္ဂါဖြစ်သောတရား။

**ဗောဓိပက္ခိယ** = မဂ်ဉာဏ်၏ အသင်းအပင်း၌ ဖြစ်ကြသောတရား၊ သတိပဋ္ဌာန် -၄၊ သမ္မပ္ပဓာန် -၄၊ ဣဒ္ဓိပါဒ် -၄၊ ဣန္ဒြေ-၅၊ ဗိုလ်-၅၊ ဗောဇ္ဈင်-၇၊ မဂ္ဂင်-၈ ပါးအားဖြင့် ၃၇ ပါး ရှိသည်။

**မာရ်ဗိုလ်ပါ** = မာရ်နတ်၏ စစ်သည်တပ်သား။

**အသင်္ခတ** = အကြောင်းတရား မပြုအပ်သော။

**ခေမ** = ဘေးကင်းရာနိဗ္ဗာန်။

**ဓမ္မာရုံ** = မဂ်တရား၏ အာရုံနိဗ္ဗာန်။

## အပိုဒ် ၉

**ဌာနာဌာန ကောသလ္လဉာဏ်** = အရာဟုတ်သည် မဟုတ်သည်ကို သိတတ်သောဉာဏ်။

**ဝိပါကဉာဏ်** = ကံအထူးကို သိတတ်သောဉာဏ်။

**(ကမ္မဝိပါကန္တရဉာဏ်)**

**သဗ္ဗတ္ထဂါမိနီဉာဏ်** = ကံ၏ အပိုင်းအခြားကို သိတတ်သော ဉာဏ်။

**နာနာဓာတုဉာဏ်** = ဓာတ်တို့၏ အထူးအပြားကို သိတတ်သောဉာဏ်။

**အဓိမုတ္တိဉာဏ်** = သတ္တဝါတို့၏အလို နှလုံးသွင်းကို သိတတ်သောဉာဏ်။

**ဣန္ဒြိယပရောပရိယတ္တိဉာဏ်** = ဣန္ဒြေရင့်မရင့်ကို သိတတ်သောဉာဏ်။

**ဈာနာဒိသံကိလေသဉာဏ်** = ဈာန်စသည်တို့၏ ညစ်ညူးခြင်းကို သိတတ်သောဉာဏ်။

**ခေတ်သုံးထပ်** = ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်သုံးပါး။

**လောကုတ္တရာတရားမြတ် ကိုးပါး** = မဂ် ၄–ပါး + ဖိုလ် ၄–ပါး + နိဗ္ဗာန် ၁။ (အချို့မူ၌ ၈ ပါးဟု ဆိုသည်။)

**နရက်** = ငရဲဘုံ။

**သုံးခရိုင်** = ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ၃–ပါး။

**ဂုဏ် အရဟတ်** = မြတ်သောဂုဏ်။

## အပိုဒ် ၁၀

**အမုဆက္ကသတ** = ခြောက်ရာမှာ ငါးဆယ်လျော့ဟူသည့် သဘော၊ ငါးရာ့ငါးဆယ်ဇာတ်တော် များကို ဆိုသည်။ (အမု=အခွဲနှင့်တကွ၊ ဆက္ကသတ=ခြောက်ရာ)။

| | | |
|---|---|---|
| **အနန္တဘဝ** | = | အဆုံးမရှိသောဘာဝ။ |
| **ဓနပရိစ္စာဂ** | = | ပစ္စည်းဥစ္စာကို စွန့်ခြင်း။ |
| **ပုတ္တပရိစ္စာဂ** | = | သားသမီးကို စွန့်ခြင်း။ |
| **ဘရိယပရိစ္စာဂ** | = | မယားကို စွန့်ခြင်း။ |
| **အင်္ဂပရိစ္စာဂ** | = | မျက်စိစသော အင်္ဂါကိုစွန့်ခြင်း။ |
| **ဇီဝိတပရိစ္စာဂ** | = | အသက်ကိုစွန့်ခြင်း။ |
| **ဟေတုသမ္ဗဒါ** | = | အကြောင်းပြည့်စုံခြင်း။ |
| **ရုံသီနေပြောက်** | = | နေရောင် နေပြောက်။ |
| **နေရုပဗ္ဗတ** | = | မြင်းမိုရ်တောင်။ |
| **သီလာတောင်** | = | ကျောက်တောင်။ |
| **တစ်ပြိုင်တည်လျက်** | = | အတူဖြစ်၊ အတူပျက်သော |
| **တစ်ပြိုင်ပျက်** | = | စကြဝဠာကုဋေတစ်သိန်း။ |

## အပိုဒ် ၁၁

| | | |
|---|---|---|
| **ဒဿနာကာရ** | = | မြင်ပုံအခြင်းအရာ။ |
| **သောဠသ** | = | တစ်ဆယ့်ခြောက် (သစ္စာအနက် ဆယ့်ခြောက်ချက်)။ |
| **မေဃဝန်** | = | အလွန်သည်းထန်သော မိုးကြီး။ |
| **ဓမ္မဘေရီ** | = | တရားတည်းဟူသောစည်တော်။ |
| **မေဒနီ** | = | အဆီ၊ အနှစ်။ |

| | | |
|---|---|---|
| **ဒေဝါတိဒေဝိန္ဒ** | = | နတ်တကာတို့ထက် မြတ်သောနတ်။ |
| **ဗြဟ္မာတိဗြဟ္မိန္ဒ** | = | ဗြဟ္မာတကာတို့ထက်မြတ်သောဗြဟ္မာ။ |
| **တိဘဝပါရဂူ** | = | ကာမ၊ ရူပ၊ အရူပဟူသော ဘဝသုံးပါး၏ တစ်ဖက်သို့လည်း ရောက်သည့် မြတ်စွာဘုရား။ |
| **အဘိဘူပါမောက္ခ** | = | ဗြဟ္မာတို့၏ အကြီးအကဲ။ |
| **အနုတ္တရ** | = | မိမိထက် လွန်မြတ်သူ မရှိသော။ |
| **မဟာဓမ္မရာဇ်** | = | တရားမင်း မြတ်စွာဘုရား။ |

# ထုတ်ဝေပြီးသောစာအုပ်များ

| စဉ် | စာအုပ်အမည် | ထုတ်ဝေသည့်ခုနှစ် | တန်ဖိုး |
|---|---|---|---|
| ၁။ | ဥပ္ပါတသန္တိဝတ်ရွတ်စဉ် (၈″×၁၁″)ဆိုဒ် | ၂၀၂၃ | ၃၆၀၀ိ/– |
| ၂။ | ဥပ္ပါတသန္တိဝတ်ရွတ်စဉ် (၅″×၈″)ဆိုဒ် | ၂၀၂၃ | ၂၁၀၀ိ/– |
| ၃။ | အနေကဇာတင်ပါဠိ (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၄။ | ဘုရားရှိခိုးနှင့် အန္တရာယ်ကင်းဂါထာများ (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၆၀၀ိ/– |
| ၅။ | ဘုရားရှိခိုးနှင့် အန္တရာယ်ကင်းဂါထာများ (၅″×၈″)ဆိုဒ် | ၂၀၂၄ | ၁၈၀၀ိ/– |
| ၆။ | ဘုရားရှိခိုးနှင့် အန္တရာယ်ကင်းဂါထာများ (၄″×၆″)ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |
| ၇။ | ဂိရိမာနန္ဒသုတ် (ပါဠိ–နိဿယ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၀၀၀ိ/– |
| ၈။ | ဂိရိမာနန္ဒသုတ် (ပါဠိ–နိဿယ–မြန်မာပြန်) (၅″×၈″)ဆိုဒ် | ၂၀၂၄ | ၁၆၀၀ိ/– |
| ၉။ | ဂိရိမာနန္ဒသုတ် (ပါဠိ–နိဿယ–မြန်မာပြန်) (၄″×၆″)ဆိုဒ် | ၂၀၂၄ | ၁၃၀၀ိ/– |
| ၁၀။ | ဗောဇ္ဈင်္ဂသုတ်နှင့်အသက်ရှည်နည်းအကြောင်းတရားများ (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |
| ၁၁။ | ဗောဇ္ဈင်္ဂသုတ်နှင့်အသက်ရှည်နည်းအကြောင်းတရားများ (၄″×၆″)ဆိုဒ် | ၂၀၂၄ | ၁၀၀၀ိ/– |
| ၁၂။ | သစ္စာပြု မဟာဝေဒဗ္ဗမန္တန်နှင့် စူဠဝေဒဗ္ဗမန္တန် (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |
| ၁၃။ | အံ့ဘွယ်ရှစ်ဖြာသာသနာနှင့် မြတ်ဗုဒ္ဓ၏သြဝါဒဒေသနာတော် (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၅၀၀ိ/– |
| ၁၄။ | ပကိဏ္ဏက နမက္ကာရ အစိန္တေယျဘုရားရှိခိုးကြီး (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၁၀၀ိ/– |
| ၁၅။ | မင်္ဂလသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၅၀၀ိ/– |
| ၁၆။ | ရတနသုတ်(ပါဠိ–မြန်မာပြန်–နိဿယ) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၁၀၀ိ/– |
| ၁၇။ | မေတ္တာသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၆၀၀ိ/– |
| ၁၈။ | မေတ္တာသုတ် (ပါဠိ–မြန်မာပြန်) (၅″×၈″)ဆိုဒ် | ၂၀၂၄ | ၁၅၀၀ိ/– |
| ၁၉။ | မေတ္တာသုတ် (ပါဠိ–မြန်မာပြန်) (၄″×၆″)ဆိုဒ် | ၂၀၂၄ | ၈၀၀ိ/– |
| ၂၀။ | ခန္ဓသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၂၁။ | မောရသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၅၀၀ိ/– |
| ၂၂။ | ဝဋ္ဋသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၂၃။ | ဓဇဂ္ဂသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၆၀၀ိ/– |
| ၂၄။ | အာဋာနာဋိယသုတ်(ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |

| စဉ် | စာအုပ်အမည် | ထုတ်ဝေသည့်ခုနှစ် | တန်ဖိုး |
|---|---|---|---|
| ၂၅။ | အင်္ဂုလိမာလသုတ်(ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၂၆။ | ဗောဇ္ဈင်္ဂသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၂၇။ | ဗောဇ္ဈင်္ဂသုတ် (ပါဠိ–မြန်မာပြန်) (၄″×၆″)ဆိုဒ် | ၂၀၂၄ | ၈၀၀ိ/– |
| ၂၈။ | ပုဗ္ဗဏှသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၄၀၀ိ/– |
| ၂၉။ | ပရိတ်ကြီး (၁၁)သုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၃၁၀၀ိ/– |
| ၃၀။ | ပရိတ်ကြီး (၁၁)သုတ် (ပါဠိ–မြန်မာပြန်) (၅″×၈″)ဆိုဒ် | ၂၀၂၄ | ၁၉၀၀ိ/– |
| ၃၁။ | မဟာသမယသုတ်ဝတ်ရွတ်စဉ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၃၁၀၀ိ/– |
| ၃၂။ | အဘယသုတ် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |
| ၃၃။ | အဘယသုတ် (ပါဠိ–မြန်မာပြန်) (၅″×၈″)ဆိုဒ် | ၂၀၂၄ | ၁၆၀၀ိ/– |
| ၃၄။ | အဘယသုတ် (ပါဠိ–မြန်မာပြန်) (၄″×၆″)ဆိုဒ် | ၂၀၂၄ | ၁၃၀၀ိ/– |
| ၃၅။ | သာမညဖလသုတ်(ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၃၉၀၀ိ/– |
| ၃၆။ | နတ်ချစ်သုတ္တန်ဂါထာတော်များ(ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၄၃၀၀ိ/– |
| ၃၇။ | ငါးရံ့မင်းပရိတ်တော်(ပါဠိ–မြန်မာပြန်)နှင့် မိုးကမ္ဘဝါစာတမ်း (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၅၀၀ိ/– |
| ၃၈။ | ခင်ပွန်းကြီး(၁၀)ပါးကန်တော့နည်းနှင့် ခင်ပွန်းကြီး(၁၀)ပါးအဓိပ္ပာယ် (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၉၀၀ိ/– |
| ၃၉။ | အာဋာနာဋိယသုတ္တန်(ပါဠိ–မြန်မာပြန်)(၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၆၀၀ိ/– |
| ၄၀။ | ဓမ္မစက္ကပ္ပဝတ္တနသုတ်(ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၉၀၀ိ/– |
| ၄၁။ | အနတ္တလက္ခဏသုတ်(ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၇၀၀ိ/– |
| ၄၂။ | သောတာနုဂတသုတ္တန် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၁၈၀၀ိ/– |
| ၄၃။ | နမက္ကာရဘုရားရှိခိုး (ပါဠိ–နိဿယ) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၃၂၀၀ိ/– |
| ၄၄။ | ယသောဓရာထေရီ၏နောက်ဆုံးကန်တော့ခြင်း ဝန္ဒနာဂါထာတော်များ (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၃၀၀၀ိ/– |
| ၄၅။ | ကာလာမသုတ္တန် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၈၀၀ိ/– |
| ၄၆။ | ဆန္ဒသမာဓိသုတ္တန် (ပါဠိ–မြန်မာပြန်) (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၃၀၀ိ/– |
| ၄၇။ | အရှင်မဟာဗုဒ္ဓဃောသ၏ ဘဝနှင့်ဓမ္မ (၈″×၁၁″)ဆိုဒ် | ၂၀၂၄ | ၂၀၀၀ိ/– |

# ထုတ်ဝေပြီးသောစာအုပ်များ၏ အကြောင်းအရာအကျဉ်းချုပ်

## ဥပ္ပါတသန္တိဝတ်ရွတ်စဉ်

ဥပ္ပါတသန္တိသုတ်တော်သည် ရဟန္တာအရှင်မြတ် အရှင်မဟာသီလဝံသနှင့် ရှေးရှေး ဆရာတော်ဘုရားကြီးများ စီရင်ခဲ့သောသုတ်တော်ဖြစ်ပါသည်။ ပွင့်တော်မူပြီး၊ ပွင့်တော်မူ လတ္တံ့ဖြစ်သော ဘုရားရှင်များနှင့် ရဟန္တာမထေရ်မြတ်ကြီးများ၏ ဂုဏ်တော်တို့ကို ဂါထာပေါင်း (၂၇၁)ဂါထာတို့ဖြင့် ဖော်ကျူးပူဇော်ထားသည့် ထိုသုတ်တော်ကို တိုင်းနိုင်ငံ တွင် ကပ်သုံးပါး ထူပြောသည့်အခါ၊ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းသည့်အခါနှင့် ဘေး အန္တရာယ်ကျရောက်ရန် အတိတ်ဆိုး နိမိတ်ဆိုးတို့ ပေါ်ပေါက်သည့်အခါများတွင် မြို့ရွာ တိုင်း ရွတ်ပွားခြင်းအားဖြင့် ဘေးဥပဒ်အန္တရာယ်မှ လွတ်မြောက်ငြိမ်းအေးစေနိုင်ပါသည်။

## အနေကဇာတင်ပါဠိ

အနေကဇာတင်ပါဠိသည် မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူသည့် အခါ ဘဝါဘဝက တောင့်တခဲ့သောဆန္ဒ ပြည့်မြောက်တော်မူသဖြင့် ဝမ်းသာပီတိ စိတ်နှလုံးဖြင့် ကျူးရင့်တော်မူခဲ့သော ဂါထာစကားတော်များ ဖြစ်ပါသည်။ ရွတ်ဆို ရှိခိုးပူဇော်ခြင်းအားဖြင့် ကျက်သရေ မင်္ဂလာအဖြာဖြာ တိုးတက်ခြင်း၊ အန္တရာယ်ကင်းခြင်း၊ လိုအင်ဆန္ဒပြည့်ဝခြင်းစသော အကျိုးတရားများကို ရရှိနိုင်ပါသည်။

## ဘုရားရှိခိုးနှင့် အန္တရာယ်ကင်းဂါထာများ

ဘုရားရှိခိုးနှင့်အန္တရာယ်ကင်းဂါထာများသည် ရွတ်ဖတ်ပူဇော်သူတို့ အသက် အန္တရာယ်ကင်းစေရန်၊ အခက်အခဲ အကျပ်အတည်းမှ လွတ်မြောက်စေရန်နှင့် အောင်မြင်မှု များရရှိစေရန် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်, ဒေသနာတော်တို့ကို ထုတ်ဖော်၍ ရှိခိုး ပူဇော်ထားသော ဂါထာများဖြစ်ပါသည်။ ထို့ပြင် သဒ္ဓါစိတ်ဖြစ်ပေါ်ပါက ချက်ချင်း ကုသိုလ်ပြုသင့်ကြောင်းကို ဘုရားရှင်ကိုယ်တိုင် တိုက်တွန်းတော်မူခဲ့သောဂါထာနှင့် မိမိနေထိုင်ရာကို လုံခြုံစေရန် ရှေးအစဉ်အလာအရ စည်းချနည်း (၃)မျိုးဖြင့် စည်းချပုံ ကိုလည်း ဖော်ပြထားပါသည်။

## ဂိရိမာနန္ဒသုတ်

ဂိရိမာနန္ဒသုတ်သည် ကျန်းမာရေးမကောင်းသော အရှင်ဂိရိမာနန္ဒမထေရ်ကို ရည်ရွယ်၍ မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာအား ဟောကြားတော်မူသော သုတ္တန်

ဖြစ်ပါသည်။ ထိုသုတ္တန်တွင် ''သညာဆယ်ပါး ရှုပွားပုံ''ကို ဟောကြားထားရာ အရှင်အာနန္ဒာက အရှင်ဂိရိမာနန္ဒမထေရ်ကို ပြန်လည်ဟောကြား၍ ရှုပွားစေသဖြင့် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာခဲ့ပါသည်။ သို့ဖြစ်၍ ဂိရိမာနန္ဒသုတ်ကို ရွတ်ပွားပူဇော်ခြင်းဖြင့် ကျန်းမာခြင်း၊ အနာရောဂါကင်းခြင်းစသော အကျိုးတရားများကို ရရှိနိုင်ပါသည်။

## ဗောဇ္ဈင်္ဂသုတ်နှင့် အသက်ရှည်နည်းအကြောင်းတရားများ

ဗောဇ္ဈင်္ဂသုတ်နှင့် အသက်ရှည်နည်းအကြောင်းတရားများတွင် ဗောဇ္ဈင်္ဂသုတ်သည် အရှင်မဟာမောဂ္ဂလ္လာန်နှင့်အရှင်မဟာကဿပတို့ မကျန်းမာချိန်တွင် ပြန်လည်ကျန်းမာစေရန် ဘုရားရှင်က ဟောကြားတော်မူခဲ့သော သုတ်တော်ဖြစ်ပါသည်။ ဘုရားရှင်ကိုယ်တိုင် ကျန်းမာရေး မကောင်းချိန်တွင်လည်း အရှင်စုန္ဒအား ထိုဗောဇ္ဈင်္ဂသုတ်ကို ရွတ်ဖတ်စေရာ ရောဂါပျောက်ကင်း၍ ကျန်းမာတော်မူခဲ့ပါသည်။ ထို့ပြင် အသက်ရှည်ခြင်း၏ အကြောင်းတရားများဖြစ်သော ကောင်းမှုကုသိုလ်များကိုလည်း အတုယူ ပြုလုပ်နိုင်စေရန် ဖော်ပြထားပါသည်။

## သစ္စာပြုမဟာဝေဒဗ္ဗမန္တန်နှင့် စူဠဝေဒဗ္ဗမန္တန်

သစ္စာပြုမဟာဝေဒဗ္ဗမန္တန်နှင့်စူဠဝေဒဗ္ဗမန္တန်သည် ပိဋကတ်တော်ထဲမှ ရတနာသုံးပါး၏ ဂုဏ်တော်အဆီအနှစ်များကို ထုတ်နုတ်ပူဇော်ထားသော သစ္စာပြု မန္တန်တော်များ ဖြစ်ပါသည်။ စီးပွားဥစ္စာ တိုးတက်စေသော မန္တန်တော်ကြီးဖြစ်ကြောင်း သိရှိသူများပါသည်။ ဓနသိဒ္ဓိနက္ခတ်နှင့် ကိုက်ညီစွာ ရွတ်ဖတ်ပူဇော်ပါက ပိုမိုအကျိုးသက်ရောက်နိုင်သည်ဖြစ်၍ ဓနသိဒ္ဓိနက္ခတ်ပေါ် မွန်းတည့်မျဉ်းဖြတ်ဇယားကိုပါ ထည့်သွင်းစီစဉ်ထားပါသည်။

## အံ့ဘွယ်ရှစ်ဖြာသာသနာနှင့် မြတ်ဗုဒ္ဓ၏သြဝါဒ ဒေသနာတော်

အံ့ဘွယ်ရှစ်ဖြာသာသနာနှင့်မြတ်ဗုဒ္ဓ၏သြဝါဒဒေသနာတော်သည် ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့သည့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း မှတ်တမ်းတင်ထားသော သာသနာတော်၏ အံ့ဘွယ်ဂုဏ်ရည်ရှစ်ပါးနှင့် မြတ်ဗုဒ္ဓ၏ သြဝါဒဒေသနာတော်

ကို သမိုင်းအမွေအဖြစ် ဖတ်ရှုလိုက်နာကျင့်သုံးသူတို့ ကုသိုလ်တရားများ တိုးပွားစေနိုင်ရန် ထုတ်ဝေပူဇော်ထားပါသည်။

## ပကိဏ္ဏက နမက္ကာရ အစိန္တေယျဘုရားရှိခိုးကြီး

ပကိဏ္ဏက နမက္ကာရ အစိန္တေယျဘုရားရှိခိုးကြီးသည် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးကိုယ်တိုင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်အပေါင်းကို စုစည်းရေးသား ပူဇော်တော်မူထားသည့် ဘုရားရှိခိုးကြီးဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ရှိခိုးသူတို့ ဘုန်းကံကြီးမားခြင်း၊ ကျက်သရေမင်္ဂလာ တိုးပွားခြင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝခြင်းစသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။

## မင်္ဂလသုတ်

မင်္ဂလသုတ်သည် လူ့နတ်တို့အကြား (၁၂)နှစ်တိုင်တိုင် အငြင်းပွားခဲ့ရသော မင်္ဂလာတရားအစစ်အမှန်ကို ဘုရားရှင်က ဖြေရှင်းဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ မင်္ဂလသုတ်တွင် ရှောင်ကြဉ်ရေးမင်္ဂလာ၊ လိုက်နာကျင့်သုံးရေးမင်္ဂလာစသည့် မင်္ဂလာတရား (၃၈)ပါးကို ဟောကြားတော်မူထားရာ ရွတ်ဆိုပူဇော်လိုက်နာကျင့်သုံးသူတို့ ကျက်သရေမင်္ဂလာတိုးပွားခြင်း၊ အောင်မြင်ခြင်းမှသည် နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားများကို ရရှိနိုင်ပါသည်။

## ရတနသုတ်

ရတနသုတ်သည် ကပ်သုံးပါးကျရောက်၍ ဒုက္ခရောက်နေသော ဝေသာလီပြည်ကြီး အန္တရာယ်ကင်း၍ ချမ်းသာစေရန် မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာမထေရ်အား မြို့တွင်းလှည့်လည်ကာ ရွတ်ဆိုပူဇော်စေခဲ့သော သုတ်တော်ဖြစ်ပါသည်။ ရတနသုတ်တော်၏ အစွမ်းဖြင့် ဝေသာလီပြည်ကြီး ကပ်သုံးပါး ကင်းပျောက်ကာ ချမ်းသာသကဲ့သို့ ရွတ်ဆိုပူဇော်သူတို့လည်း ကပ်ကြီးသုံးပါးမှ ကျော်လွှန်နိုင်ခြင်း၊ ချမ်းသာကြီးခြင်းစသော အကျိုးများကို ရရှိစေနိုင်ပါသည်။

## မေတ္တသုတ်

မေတ္တသုတ်သည် ပရလောကသား နာနာဘာဝတို့၏ ခြောက်လှန့်နှောင့်ယှက်မှုကြောင့် တရားအားမထုတ်နိုင်ကြသော ရဟန်းတော်ငါးရာကို ပရလောကသားတို့၏ ချစ်ခင်စောင့်ရှောက်မှုဖြင့် တရားအားထုတ်နိုင်စေရန် ဟောကြားသင်ပြပေးတော်မူခဲ့သော သုတ်တော်ဖြစ်ပါသည်။ မေတ္တသုတ်ကို ရွတ်ဆိုပွားများခြင်းဖြင့် လူ,နတ်များ ချစ်ခင်စောင့်ရှောက်ခြင်း၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝခြင်းစသော အကျိုးများကို ရရှိစေနိုင်ပါသည်။

## ခန္ဓသုတ်

ခန္ဓသုတ်သည် မြွေကိုက်ခံရသည့် ရဟန်းတစ်ပါးကို အကြောင်းပြု၍ အခြားရဟန်းများ မြွေအန္တရာယ်ကင်းစေရန် မြတ်စွာဘုရားရှင် ဟောကြားတော်မူသော သုတ်တော်ဖြစ်ပါသည်။ ဘုရားရှိခိုးခြင်းနှင့် မြွေမင်းလေးမျိုးကို မေတ္တာပို့ထားသော သုတ်ဖြစ်၍ ရွတ်ဆိုပူဇော်သူတို့ မြွေအန္တရာယ်အပြင် အခြားအဆိပ်ရှိသော သတ္တဝါများ၏ ဘေးရန်ပြုခြင်းမှလည်း ကင်းဝေးစေနိုင်ပါသည်။

## မောရသုတ်

မောရသုတ်သည် ဘုရားလောင်းဥဒေါင်းမင်းဘဝက ရွတ်ဆိုပူဇော်ခဲ့သည့် ဗြဟ္မမန္တန်ကို ပြန်လည်ဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ရှိခိုးသူတို့ ဘုရားလောင်း ဥဒေါင်းမင်းကဲ့သို့ အချုပ်အနှောင် မခံရခြင်း၊ အကျပ်အတည်းကို ကျော်လွှားနိုင်ခြင်းစသော အကျိုးများကို ရရှိစေနိုင်ပါသည်။

## ဝဋ္ဋသုတ်

ဝဋ္ဋသုတ်သည် ဘုရားလောင်း ငုံးမင်းဘဝက မီးဘေးအန္တရာယ်နှင့် ကြုံသဖြင့် သစ္စာပြုခဲ့သော သုတ်တော်ဖြစ်ပါသည်။ ထိုသို့ သစ္စာပြုခြင်းကြောင့် ဘုရားလောင်းငုံးမင်း မီးဘေးအန္တရာယ်မှ ကင်းဝေးသကဲ့သို့ ရွတ်ဆိုပူဇော်သူတို့လည်း မီးဘေးအန္တရာယ်မှ ကင်းဝေးခြင်း၊ လူမှုဒုက္ခ သောကအပူမီးများမှ ကင်းလွတ်ခြင်းစသော အကျိုးတရားများ ရရှိစေနိုင်ပါသည်။

## ဓဇဂ္ဂသုတ်

ဓဇဂ္ဂသုတ်သည် တောတောင်များအတွင်း၌ သီတင်းသုံးနေထိုင်ကြသော ရဟန်းတော်များ ထိတ်လန့်ကြောက်ရွံ့မှု ကင်းစေရန် မြတ်စွာဘုရားရှင် ဟောကြားတော်မူထားသော သုတ်တော်ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ခြင်းအားဖြင့် ကြောက်ရွံ့မှုကင်းခြင်း၊ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်းစသော အကျိုးများကို ရရှိစေနိုင်ပါသည်။

## အာဋာနာဋိယသုတ်

အာဋာနာဋိယသုတ်သည် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များကို နတ်၊ ဘီလူးစသည့် ကြမ်းကြုတ်သောပုဂ္ဂိုလ်တို့က မနှိပ်စက်နိုင်စေရန် နတ်မင်းကြီးလေးပါးက လျှောက်ထားသဖြင့် မြတ်စွာဘုရားရှင်က ဟောကြားတော်မူသော သုတ်တော်ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ခြင်းအားဖြင့် နတ်များ စောင့်ရှောက်ခြင်း၊ ဘီလူးစသည့် မကောင်းဆိုးဝါးများ မနှောင့်ယှက်နိုင်ခြင်းစသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။

## အင်္ဂုလိမာလသုတ်

အင်္ဂုလိမာလသုတ်သည် မီးမဖွားနိုင်သော အမျိုးသမီးငယ်ကို သနားသောကြောင့် အရှင်အင်္ဂုလိမာလက မြတ်စွာဘုရားရှင်အား လျှောက်ထားရာ မြတ်စွာဘုရားရှင်က သစ္စာဆို၍ စောင့်ရှောက်ရန် မိန့်ကြားတော်မူခဲ့သဖြင့် သစ္စာဆိုထားသော သုတ်တော်ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ခြင်း၊ နာယူခြင်းအားဖြင့် အလွယ်တကူ သားသမီးရတနာများကို ဖွားမြင်နိုင်ခြင်း၊ အကျပ်အတည်း အခက်အခဲကို ကျော်လွှားနိုင်ခြင်းစသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။

## ဗောဇ္ဈင်္ဂသုတ်

ဗောဇ္ဈင်္ဂသုတ်သည် အရှင်မဟာမောဂ္ဂလ္လာန်နှင့်အရှင်မဟာကဿပတို့ မကျန်းမာချိန်တွင် ပြန်လည်ကျန်းမာစေရန် ဘုရားရှင်က ဟောကြားတော်မူခဲ့သော သုတ်တော်ဖြစ်ပါသည်။ ဘုရားရှင်ကိုယ်တိုင် ကျန်းမာရေး မကောင်းချိန်တွင်လည်း အရှင်စုန္ဒအား ထိုဗောဇ္ဈင်္ဂသုတ်ကို ရွတ်ဖတ်စေရာ ရောဂါပျောက်ကင်း၍ ကျန်းမာတော်မူခဲ့ပါသည်။

သို့ဖြစ်၍ ရွတ်ဆိုပူဇော်ပွားများသူတို့ ကျန်းမာခြင်း၊ အနာရောဂါကို ကျော်လွှားနိုင်ခြင်း စသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။

## ပုဗ္ဗဏှသုတ်

ပုဗ္ဗဏှသုတ်သည် မကောင်းသော အတိတ်ဆိုး၊ နိမိတ်ဆိုး၊ ပါပဂြိုဟ်ဆိုးများမှ ကင်းဝေးစေရန် မြတ်ဗုဒ္ဓ၏ တရားတော်များမှ ထုတ်နုတ်၍ ရှေးဆရာတော်များ စီရင်ထားသော သုတ်တော်ဖြစ်ပါသည်။ ရွတ်ဆိုပူဇော်ခြင်းအားဖြင့် ကျက်သရေမင်္ဂလာတိုးပွားခြင်း၊ အတိတ်ဆိုး၊ နိမိတ်ဆိုးများကို ကျော်လွှားနိုင်ခြင်းစသော အကျိုးများကို ရရှိစေနိုင်ပါသည်။

## ပရိတ်ကြီး(၁၁)သုတ်

ပရိတ်ကြီး(၁၁)သုတ်သည် မြတ်ဗုဒ္ဓ၏လက်ထက်တော်မှသည် ပုဂံ,ပင်းယ,အင်းဝ, ကုန်းဘောင်ခေတ်အဆက်ဆက် အရံအတားအဖြစ် ရွတ်ဆိုပူဇော်ခဲ့ကြသော ပရိတ်တော်များ ဖြစ်ပါသည်။ ပရိတ်တော်အမျိုးအစား စုံလင်သကဲ့သို့ အကျိုးတရားလည်း စုံလင်လှပါသည်။ ဘုန်းတော်ကြီးကျောင်းတွင်လည်း ခေတ်အဆက်ဆက် အလေးအနက်ထားကာ သင်ကြားရွတ်ဆိုပူဇော်သော ပရိတ်တော်များဖြစ်၍ ရွတ်ဆိုပူဇော်ပွားများသူတို့ တန်ဖိုးမဖြတ်နိုင်သော ကောင်းကျိုးအမျိုးမျိုးကို ရရှိစေနိုင်ပါသည်။

## မဟာသမယသုတ်ဝတ်ရွတ်စဉ်

မဟာသမယသုတ်တော်ကို မြတ်စွာဘုရားသည် နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာ၊ ရဟန်းပရိသတ် အစုံအလင် စုဝေးလျက် ဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ တရားနာလာသော ပုဂ္ဂိုလ်တို့၏ အမည်နာမအသီးသီးကို ဖော်ထုတ်လျက် ဘုရားရှင်က အချင်းချင်း မိတ်ဆက်သိစေတော်မူခြင်းဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်ချစ်ခင်သိကျွမ်းစေခြင်းဖြင့် မေတ္တာတရားကို ဖော်ညွှန်းထားပါသည်။ ဤသုတ်တော်ကို ရွတ်ဆိုပူဇော်သူတို့အား မေတ္တာတရား ရောင်ပြန်အနေဖြင့် လူ,နတ်ချစ်ခင်မှုကို ကေန်ရရှိစေနိုင်ပါသည်။

## အဘယသုတ်

အဘယသုတ်တော်သည် အသက်ခန္ဓာ ရလာသူတိုင်း တွေ့ကြုံရမည်ဖြစ်သော သေခြင်းတရားကို ရင်ဆိုင်နိုင်ရန် ဟောကြားထားသည့် သုတ်တော်ဖြစ်ပါသည်။ ထိုသုတ်တော်ကို ရွတ်ဆိုပူဇော်ပွားများနေခြင်းဖြင့် သေခြင်းတရားကို ထိတ်လန့်ကြောက်ရွံ့မှုနည်းပါးခြင်း၊ ကာမဂုဏ်၌ တပ်မက်မှုနည်းပါးခြင်း၊ ကုသိုလ်ကောင်းမှု ပြုလိုစိတ်များ ဖြစ်ပွားခြင်းစသော အကျိုးတရားများကို ရရှိစေသော သုတ်တော်ဖြစ်ပါသည်။

## သာမညဖလသုတ်

သာမညဖလသုတ်တော်သည် ရဟန်းပြုခြင်း၏ ရရှိလာမည့် လောကီ, လောကုတ္တရာ အကျိုးကျေးဇူးတရားများကို ဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ ထို့ပြင် ဖခင်ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး နောင်တတရားများစွာ နှိပ်စက်၍ မအိပ်နိုင်၊ မစားနိုင် ဖြစ်နေရှာသော အဇာတသတ်မင်းအား ထိုဒုက္ခများ ကင်းစင်ပပျောက်စေပြီး ငရဲဒုက္ခ ပေါ့ပါးသက်သာသွားစေသော သုတ်တော်ဖြစ်ပါသည်။ ထို့ကြောင့် ထိုသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် မိဘ,ကျေးဇူးရှင်စသည်တို့အား အမှတ်မထင် ပြစ်မှားပြောဆိုမိခဲ့သော အကုသိုလ်မကောင်းကျိုးများ ရှိခဲ့ပါက နောင်တရ၍ ပြန်လည်တောင်းပန် အသိတရားရရှိကာ အပြစ်မှ လျော့ပါးစေပြီး လောကီ,လောကုတ္တရာကောင်းကျိုးများ စဉ်ဆက်မပြတ် ဖြစ်ပေါ်ရေးအတွက် များစွာထောက်ပံ့ပေးသော သုတ်တော်ဖြစ်ပါသည်။

## နတ်ချစ်သုတ္တန်ဂါထာတော်များ

နတ်ချစ်သုတ္တန်ဂါထာတော်များသည် ယင်းသုတ္တန်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်သူအား နတ်ဒေဝတာများက ကူညီစောင့်ရှောက်စေပါသည်။ နတ်ဒေဝတာများသည် လူသားတို့၏ စိတ်အကြံအစည်များကို သိရှိနိုင်ကြသဖြင့် လူတို့၏ အခက်အခဲများကို ကူညီစောင့်ရှောက်ပေးခြင်း ဖြစ်ပါသည်။ ပကတိမျက်စိဖြင့် မမြင်ရသော ပရလောကရှိ သည်၏အဖြစ်ကို ယုံကြည်လျက် နတ်ဒေဝတာတို့အား မေတ္တာပို့ခြင်း၊ အသိအမှတ်ပြုခြင်းဖြစ်၍ နတ်ဒေဝတာများက ပြန်လည်အသိအမှတ်ပြု စောင့်ရှောက်ပေးမည်ဖြစ်ပါသည်။

## ငါးရံ့မင်းပရိတ်တော်နှင့် မိုးကမ္ဘဝါစာတမ်း

ငါးရံ့မင်းပရိတ်သည် ဘုရားလောင်း ငါးရံ့မင်းကြီးဖြစ်စဉ်အခါက သစ္စာဆိုခဲ့ပြီး မိုးရွာစေကာ မိမိ၏ဆွေမျိုးဖြစ်သည့် ငါးအပေါင်းအား ကျီးကန်း,လင်းတ,စသည်တို့၏ နှိပ်စက်သတ်ဖြတ်စားသောက်ခြင်း ဘေးရန်အပေါင်းမှ ကင်းလွတ်စေသော ပရိတ်တော် ဖြစ်ပါသည်။ ထိုပရိတ်တော်ကို မုံရွာမြို့၊ လယ်တီဆရာတော်ဘုရားကြီး စီစဉ်ရေးသားခဲ့သော မိုးကမ္ဘဝါနှင့်တွဲဖက်၍ ရွတ်ဆိုပူဇော်နိုင်ရန် ထုတ်ဝေထားပါသည်။ ငါးရံ့မင်းပရိတ်နှင့် မိုးကမ္ဘဝါကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် မိုးခေါင်ရေရှားအဖြစ်ဆိုးမှ ကျော်လွှားနိုင်ပြီး ရာသီဥတု မိုးလေဝသ ညီညွတ်မျှတကောင်းမွန်စေပါသည်။

## ခင်ပွန်းကြီး(၁၀)ပါးကန်တော့နည်းနှင့် ခင်ပွန်းကြီး(၁၀)ပါးအဓိပ္ပာယ်

ဘုရား,ပစ္စေကဗုဒ္ဓါ အစရှိသော ပုဂ္ဂိုလ်တို့သည် ခင်ပွန်းကြီး(၁၀)ပါးဖြစ်၍ မပြစ်မှားသင့်သော ပုဂ္ဂိုလ်များဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထိုပုဂ္ဂိုလ်တို့အား အကယ်၍ ပြစ်မှားမိလျှင် လက်ရှိပစ္စုပ္ပန်သာမက နောင်တမလွန်၌ပင် ဆင်းရဲဒုက္ခအမျိုးမျိုး တွေ့ကြုံရနိုင်ပြီး ပြုစုလုပ်ကျွေး ရှိခိုးကန်တော့၍ အမြဲဆည်းကပ်လျှင် ပစ္စုပ္ပန် တမလွန် နှစ်ဖြာကောင်းကျိုး ရရှိခံစားရမည်ဖြစ်ပါသည်။ ထို့ကြောင့် ခင်ပွန်းကြီး(၁၀)ပါး ရှိခိုးကန်တော့နည်း အစုံအလင်သိရှိနိုင်ရန်နှင့် ရှိခိုးကန်တော့ခြင်းဖြင့် ကောင်းကျိုးများ ရရှိနိုင်စေရန် စီစဉ်ထားပါသည်။

## အာဠဝကသုတ္တန်

အာဠဝကသုတ္တန်သည် မြတ်ဗုဒ္ဓနှင့် အာဠဝကဘီလူး တွေ့ဆုံ၍ အာဠဝကဘီလူး ကျွတ်တမ်းဝင်ပုံဖြစ်စဉ်ကိုလည်းကောင်း၊ သဒ္ဓါတည်းဟူသော ဥစ္စာ, ကုသိုလ်ပြုခြင်း အလေ့အကျင့်, ဝစီသစ္စာ၏အရသာနှင့် ပညာဖြင့် အသက်မွေးခြင်းသည် အကောင်းဆုံးဟူသော တရားလေးပါး၏ သိမ်မွေ့နက်နဲသော အဓိပ္ပာယ်ကိုလည်းကောင်း ပြဆိုထားသော သုတ်တော်ဖြစ်ပါသည်။ အာဠဝကသုတ်တော်ကို ရွတ်ဆိုပူဇော်လိုက်နာကျင့်သုံးခြင်းဖြင့် မြတ်သောဥစ္စာကို ရှာဖွေနိုင်ခြင်းစသော အကျိုးများ ဖြစ်ပေါ်စေပြီး ပစ္စုပ္ပန် တမလွန် ကောင်းကျိုးများကို ရရှိစေပါသည်။

## ဓမ္မစက္ကပ္ပဝတ္တနသုတ်

ဓမ္မစက္ကပ္ပဝတ္တနသုတ်တော်သည် ဘုရားရှင်က လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အဦးအစ ဟောကြားတော်မူသော သုတ်တော်ဖြစ်ပါသည်။ ယင်းသုတ်တော်ကို နာကြားရသဖြင့် ပဥ္စဝဂ္ဂီငါးဦးအနက် အရှင်ကောဏ္ဍည သောတာပန်တည်ပြီး နတ်ဗြဟ္မာပေါင်း ၁၈–ကုဋေအထိ ကျွတ်တမ်းဝင်ခဲ့ပါသည်။ ထို့ကြောင့် ယင်းသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် နတ်ဗြဟ္မာများ၏ ချစ်ခင်မြတ်နိုးမှုများ၊ ကူညီစောင့်ရှောက်မှုများ ရရှိစေပြီး ဘဝစည်းစိမ်ကို ပြီးပြည့်စုံစွာ ရရှိစေနိုင်ပါသည်။

## အနတ္တလက္ခဏသုတ်

အနတ္တလက္ခဏသုတ်တော်သည် ခန္ဓာငါးပါးတို့ကို လက္ခဏာကြီးသုံးပါးဖြင့်လည်းကောင်း၊ ဝိပဿနာပညာ မဂ်ပညာစသည်တို့ဖြင့်လည်းကောင်း ဖြစ်ပုံ, ရှုမြင်ပုံတို့ကို ဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ အနတ္တလက္ခဏသုတ်ဟု ဆိုသည့်အတိုင်း ရွတ်ဆိုပွားများသောသူ၏သန္တာန်၌ အသိသံဝေဂများ ဖြစ်ပွားကာ တရားထူးရစေရန် အထောက်အကူပြုခြင်း၊ အတ္တအစွဲကင်းပြတ်ခြင်းစသော အကျိုးများကို ရရှိခံစားစေနိုင်ပါသည်။

## သောတာနုဂတသုတ္တန်

သောတာနုဂတသုတ္တန်သည် ပရိယတ်တရားတော်များကို ဉာဏ်ဖြင့် နာယူ, လေ့ကျက်,ဆင်ခြင်ပွားများလျှင် မျက်မှောက်ဘဝ၌ တရားထူးရရှိနိုင်ကြောင်းနှင့် အကယ်၍ မျက်မှောက်ဘဝ၌ မရခဲ့သော် နောက်ဘဝဖြစ်သည့် နတ်,ဗြဟ္မာဘဝတို့၌လည်း တရားတော်ကို ဆက်လက်ကျင့်ကြံအားထုတ်၍ တရားထူးရရှိနိုင်ကြောင်းကို ဟောကြားထားသော သုတ်တော်ဖြစ်ပါသည်။ ယင်းသုတ်တော်ကို ရွတ်ဆိုပူဇော်ခြင်းဖြင့် သဒ္ဓါတရား ပိုမိုခိုင်မာစေပြီး ပစ္စုပ္ပန် တမလွန် ကောင်းကျိုးများ ဖြစ်စေကာ မဂ်ဖိုလ်ရရန် အားကြီးသော အထောက်အပံ့ကောင်းဖြစ်စေပါသည်။

## နမက္ကာရ ဘုရားရှိခိုး

နမက္ကာရဘုရားရှိခိုးသည် အဋ္ဌကထာကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသမထေရ်ကိုယ်တိုင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်အပေါင်းကို ပူဇော်ရှိခိုးသည့် ဂုဏ်တော်စုံ

ဘုရားရှိခိုးဖြစ်ပါသည်။ အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် ဤနမက္ကာရဘုရားရှိခိုးဖြင့် သီဟိုဠ်ပြည် ပိဋကတ်တိုက်တံခါးကို အလိုလို ပွင့်စေတော်မူခဲ့သကဲ့သို့ ရွတ်ဆိုပူဇော်ရှိခိုးသူတို့သည်လည်း အခက်အခဲ အတားအဆီးများကို ကျော်လွှားနိုင်၍ ဘုန်းကံကြီးမားခြင်း၊ ကျက်သရေမင်္ဂလာ တိုးပွားခြင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝခြင်းစသော အကျိုးတရားများကို ရရှိစေနိုင်ပါသည်။

## ယသောဓရာထေရီ၏နောက်ဆုံးကန်တော့ခြင်း ဝန္ဒနာဂါထာတော်များ

ဘုရားအလောင်းတော်နှင့်အတူ ဘဝသံသရာများစွာ၌ ပါရမီဖြည့်ဖက်အဖြစ် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ပါရမီဖြည့်ကျင့်ခဲ့သော ယသောဓရာထေရီ၏ နောက်ဆုံးကန်တော့ခြင်း ဝန္ဒနာဂါထာတော်များ ဖြစ်ပါသည်။ ထိုဂါထာတော်များဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ဘုရားအလောင်းတော်၏ သဗ္ဗညုတဉာဏ်အကျိုးငှာ စိတ်ငြိုငြင်ခြင်း အလျှင်းမရှိဘဲ အနွံအတာခံ အနစ်နာခံ၍ သုခဒုက္ခမျှတူခံစားလျက် ပါရမီဖြည့်ဆည်းပေးခဲ့ပုံတို့ကို အတုယူအားကျဖွယ် လျှောက်ထားခဲ့ပါသည်။

## ကာလာမသုတ္တန်

ကာလာမသုတ္တန်သည် ကေသမုတ္တနိဂုံး၌ နေသော ကာလာမမင်းသားတို့အား ဘာသာအယူဝါဒများနှင့်ပတ်သက်၍ မှတ်ကျောက်သဖွယ် စိစစ်နိုင်သည့် ဆောင်ရန်၊ ရှောင်ရန်များကို မြတ်စွာဘုရားရှင်က ဟောကြားထားသော သုတ္တန်ဖြစ်ပါသည်။ ထိုသုတ္တန်တွင် ဘာသာအယူဝါဒများကို စိစစ်ပုံနှင့် လက်ခံကျင့်သုံးရမည့် ဘာသာတရား ရွေးချယ်ပုံတို့ကို အသေးစိတ် ဟောကြားတော်မူထားသဖြင့် ရွတ်ဖတ်ပူဇော် လိုက်နာကျင့်သုံးသူတို့ တရားစစ် တရားမှန်ကို လက်ခံကျင့်သုံးနိုင်ခြင်းမှစ၍ ပစ္စုပ္ပန် တမလွန် ချမ်းသာအဆင့်ဆင့်ကို ရရှိကာ နိဗ္ဗာန်တိုင်အောင်သော အကျိုးကိုလည်း ရရှိစေနိုင်ပါသည်။

## ဆန္ဒသမာဓိသုတ္တန်

ဆန္ဒသမာဓိသုတ္တန်သည် ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ(ပညာ)တည်းဟူသော တရားလေးပါးတို့ကို အမှီပြု၍ သမာဓိရနိုင်ပုံနှင့် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်

အနေဖြင့် မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရန်၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်စွန့်ရန်နှင့် မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန်၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ဆက်လက်တည်တံ့ပြီး တိုးပွားစေရန် အားထုတ်၍ ဣဒ္ဓိပါဒ်ကို ဖြစ်စေသင့်ကြောင်း မိန့်တော်မူထားသော သုတ္တန်ဖြစ်ပါသည်။

## အရှင်မဟာဗုဒ္ဓဃောသ၏ ဘဝနှင့်ဓမ္မ

အရှင်မဟာဗုဒ္ဓဃောသသည် သာသနာတော်နှစ် (၉၀၀)ဝန်းကျင်၊ အေဒီ ၅–ရာစုတွင် ပေါ်ထွန်းခဲ့ပြီး ဗုဒ္ဓသာသနာတော်သမိုင်းတွင် အလွန်ထင်ရှားသော အဋ္ဌကထာကျမ်းပြုမထေရ်မြတ် ဖြစ်ပါသည်။ မထေရ်မြတ်သည် အိန္ဒိယနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ကြွတော်မူကာ ဘုရားဟော ပါဠိတော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာကျမ်းပေါင်း (၃၅)ကျမ်းကျော်ကို ရေးသားစီရင်တော်မူခဲ့သဖြင့် **ဗုဒ္ဓမတ္တညူ** (မြတ်စွာဘုရားရှင်၏ အလိုတော်ကို အသိဆုံးပုဂ္ဂိုလ်)အဖြစ် ဂုဏ်ပြုပူဇော်မှုကို ခံယူရရှိတော်ခဲ့ပါသည်။ အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ ထေရုပ္ပတ္တိကို လေ့လာပူဇော်ခြင်းဖြင့် မထေရ်မြတ်၏ သီလ၊ ပညာ၊ ဝီရိယအား ကြီးမားတော်မူပုံ၊ သာသနာတော်နှင့် ပြည်သူပြည်သားများအပေါ် ထားရှိသော စိတ်ထားများကို အတုယူအားကျဖွယ် လေ့လာသိရှိရမည်ဖြစ်ပါသည်။

# နှိုးဆော်ပန်ကြားလွှာ

ဤစာအုပ်ကို အများပြည်သူသို့ ဖြန့်ဝေလှူဒါန်းလျက်ရှိပါသည်။ ဤသို့လှူဒါန်းရာတွင် ဖြန့်ဝေလှူဒါန်းနိုင်မှုအပေါ် မူတည်၍ ရွတ်ဆိုပူဇော်ရှိခိုးသူတို့ အရေအတွက် ပိုမိုများပြားလာပြီး ပိုမိုရွတ်ဆိုရှိခိုးကြခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းဝေးခြင်း၊ ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝခြင်း၊ စိတ်ကောင်းနှလုံးကောင်းရင့်သန်ခြင်း၊ မိမိနှင့်မိသားစုဝင်များ ဘုန်းကံကြီးမား၍ ကျက်သရေမင်္ဂလာတိုးပွားကာ အဆင်ပြေစေကြမည် ဖြစ်ပါသည်။

ဤစာအုပ်နှင့် ထုတ်ဝေပြီးသော ပူးတွဲပါစာအုပ်များအား မိမိကိုယ်တိုင်လှူဒါန်းလိုပါက လိုအပ်သော စာအုပ်အရေအတွက်ကို မှာကြားနိုင်ပါကြောင်းနှင့် မှာကြားသည့်အရေအတွက်များကို ထုတ်ဝေပေးမည် ဖြစ်ပါသည်။ ဤဝန်ကြီးဌာနမှ တစ်ဆင့် လှူဒါန်းပေးစေလိုပါကလည်း သက်ဆိုင်ရာ လှူဒါန်းသင့်သည့်နေရာများသို့ ကူညီဖြန့်ဝေလှူဒါန်းပေးသွားမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသူများရှိပါက –

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

| | |
|---|---|
| အမြဲတမ်းအတွင်းဝန် | ဖုန်း–၀၆၇ ၃၄၀၆၅၀၆ |
| | ၀၆၇ ၃၄၀၈၄၄၁ |
| | ၀၉ ၅၁၀၆၂၇၄ |
| ဒုတိယအမြဲတမ်းအတွင်းဝန် | ဖုန်း–၀၆၇ ၃၄၀၆၀၀၈ |
| | ၀၉ ၄၄၀၇၉၂၃၉၉ |

သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဤစာအုပ်ကို အလွယ်တကူ ပြန်လည်ကူးယူနိုင်ရန်အတွက်– www.mahana.org.mm, www.mora.gov.mm, www.dra.gov.mm, www.dpps.gov.mm, www.kbrl.gov.mm, ww.itbmu.org.mm, သာသနာရေးဆိုင်ရာ ဝဘ်ဆိုက်ခြောက်ခုတို့တွင်လည်း download ဖြင့် ကူးယူ၍ ပူဇော်ဖြန့်ဝေနိုင်ပါသည်။